# စီးပွား သတင်း

The Agri-Business News

၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်သည်။


စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ဈေးကွက်ပိုမို ရရှိနိုင်ရန်အတွက်
စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP)
ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)
ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP)
တို့ကို ကျင့်သုံးပါ။


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့ (1-11-2021) အမှတ် (၇၈၉)




တောင်သူအကျိုးပြုမိတ်ဆွေပိုးများ
စာ - ၄ ဘုန်းမြတ်

နွေစပါးအတွက် ဓာတ်သုံးဆီ/ဓာတ်မြေဩဇာ
စာ - ၅ ဇော်လင်းထွဋ်

ရိတ်သိမ်းနှတ်ဖော်ချိန်
စာ -၁၇ ဆွေရည်


# စိုက်ပျိုးရေ သောက်သုံးရေအတွက် အသက်သွေးကြော ရေလှောင်တမံကြီး




**ရန်ကုန်** **တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံကြီးသည် ရန်ကုန်မြို့နေ ပြည်သူများအတွက် နေ့စဉ် သောက်သုံးရေ ဂါလန်သန်း ၁၂၀ ဖြည့်ဆည်းဖြန့်ဝေပေးနေပြီး၊ နွေစပါး စိုက်ဧက ၃၄၀၀၀ ခန့် (၃၃၈၅၂ ဧက) ကို ဒီဇင်ဘာမှဧပြီလကုန်အထိ နှစ်စဉ်ရေပေးဝေလျက် ရှိသည်။**

အဆိုပါ ရေလှောင်တမံကြီး တည်ဆောက်နိုင်ခဲ့သဖြင့် လယ်ယာမြေများ သီးထပ်စိုက်ပျိုးထုတ်လုပ်လာနိုင်သည့်ပြင် မိုးရေမလုံလောက်သည့်သီးနှံများအတွက်လည်း အောင်ရေလိုအပ်ချက် ဖြည့်ဆည်းပေးလျက် ရှိသည်။

ထို့ပြင် ယခင်က ငမိုးရိပ်ချောင်း ရေကြီးရေလျှံကြုံတွေ့ရမှုများကိုလည်း အတိုင်းအတာတစ်ခုအထိ လျှော့ချကာကွယ်ပေးလာနိုင်ခဲ့သည်။

ရန်ကုန်မြို့တော်ကြီးအတွက် မူလက သောက်သုံးရေ နေ့စဉ် ဂါလန်သန်း ၉၀ ဖြန့်ဖြူးပေးရန် ရည်မှန်းဆောင်ရွက်ခဲ့သော်လည်း ယခုအခါ တိုးပွားလာသည့် လူဦးရေအတွက် လုံလောက်စေရန် ဂါလန်သန်း ၁၂၀ အထိ တိုးမြှင့်ဖြန့်ဖြူးပေးလျက် ရှိသည်။

ငမိုးရိပ်ရေလှောင်တမံကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာ၏အထက် နှစ်မိုင်ခန့် အကွာတွင် တည်ရှိသည်။

အဆိုပါ ရေလှောင်တမံကြီးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ၁၉၉၂ ခုနှစ် ဧပြီ ၁၇ ရက်ကခွင့်ပြုခဲ့ပြီး စတင်တည်ဆောက်ခဲ့ရာ ၂၆.၃.၁၉၉၅ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ငမိုးရိပ်ရေလှောင်တမံသည် ရေဆင်းဧရိယာ ၁၆၀ စတုရန်းမိုင်ရှိပြီး ကန်ရေပြည့်သိုလှောင်နိုင်မှုပမာဏမှာ ၁၈၀၀၀၀ ဧကပေ ဖြစ်သည်။


စာ - ၉ သို့






စာ - ၁၈ ဇော်လင်းထွဋ်


## ထုတ်ဝေပြီးမြေပဲမျိုးများသရုပ်ပြစိုက်ပျိုးပြသ

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် မြေပဲသီးနှံ သုတေသနလုပ်ငန်းများအနက် ၂၀၁၉–၂၀၂၀ခုနှစ်အထိ မြေပဲသီးနှံ ၁၂ မျိုးကို ထုတ်လုပ်နိုင်ခဲ့ပြီး တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေသော ဆင်းပဒေသာ–၆၊ ဆင်းပဒေသာ–၇၊ ဆင်းပဒေသာ–၁၁၊ ဆင်းပဒေသာ–၁၂၊ ဆင်းပဒေသာ–၁၃ မြေပဲမျိုးများနှင့် တောင်သူများ လက်ရှိအသုံးပြုလျက်ရှိသည့် p121 မြေပဲမျိုးတို့အတွက် ယှဉ်ပြိုင်စမ်းသပ်ခြင်းကို ၂၀၂၁ ခုနှစ်(မိုးရာသီ)၌ စိုက်ပျိုးထားသည်။ ဆင်းပဒေသာ–၇၊ ဆင်းပဒေသာ–၁၁ နှင့် ဆင်းပဒေသာ–၁၃ မြေပဲမျိုးများသည် အထွက်နှုန်းမြင့်မားသည့်ပြင် ဒေသမရွေး ဖြစ်ထွန်းနိုင်သည်။

ဆင်းပဒေသာ–၆ နှင့် ဆင်းပဒေသာ–၁၂ သည် ရေငတ်ဒဏ်ခံနိုင်ပြီး အပူပိုင်းဒေသများနှင့် သင့်တော်သော မျိုးများဖြစ်သည်။ ထို့ကြောင့် ဒေသမျိုးများနေရာတွင် ဖော်ပြပါအထွက်နှုန်းကောင်း မြေပဲမျိုးများကို အစားထိုးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိနိုင်သည်။



**စိုက်/သု ဦးစီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၁ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ကောက်နုတ်ချက်

စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးတို့သည် လူသားတို့၏နေ့စဉ်ဘဝအတွက် မရှိမဖြစ် လိုအပ်ချက်များဖြစ်။

ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာ့လူဦးရေ၏၄၀ရာခိုင်နှုန်း(၃ဘီလီယံ)ခန့်သည် ကျန်းမာရေးနှင့်ပြည့်စုံသည့်အစားအစာ မရရှိ။

၁၀ ရာခိုင်နှုန်းသော ကမ္ဘာ့လူဦးရေမှာ ဘေးမကင်းသည့် အစားအစာများ၏ အကျိုးသက်ရောက်မှုကို ခံစားနေရ။

ကမ္ဘာ့အစားအစာစနစ်သည် မညီမျှမှုနှင့်မမျှတမှုများ ဖြစ်ပေါ်နေ။

ကမ္ဘာကြီး၏အချို့သောနေရာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံ၊ သားငါးနှင့် သစ်တောထွက် ပစ္စည်းများထုတ်လုပ်မှုကို လျော့ကျစေလျက်ရှိ။

ထွက်ကုန်များ၌ အာဟာရဓာတ်ပါဝင်မှု များလည်းပြောင်းလဲလျက်ရှိ။

လေလွင့်ပြုန်းတီးမှုများသည် သီးနှံသားငါးထုတ်လုပ်မှုတွင် ၁၄ရာခိုင်နှုန်းနှင့် စားသုံးမှုတွင် ၁၇ရာခိုင်နှုန်းမျှ ရှိနေ။

ကိုဗစ်-၁၉ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းနေမှုများအရ ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာဖူလုံမှုကို ထပ်ဆင့်ထိခိုက်စေလျက်ရှိ။

လက်ရှိစားနပ်ရိက္ခာဖူလုံမှုမရှိခြင်း ခံစားနေရသည့် ကမ္ဘာ့လူဦးရေသန်း ၆၉၀ ထက် ထပ်မံ၍ သန်း ၁၀၀ ခန့်ပိုမိုတိုးပွားလာနိုင်။

စားနပ်ရိက္ခာထုတ်လုပ်မှုတွင် အခြေခံကျသည့်လယ်ယာကဏ္ဍကြီးနှင့် ထုတ်လုပ်မှုကွင်းဆက်လုပ်ငန်းများ၌ အာဟာရပြည့်ဝပြီးဘေးအန္တရာယ်ကင်းရှင်းသည့် အရည်အသွေးကောင်းထွက်ကုန်များထွက်ရှိရေး၊ လေလွင့်ပြုန်းတီးမှုများလျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေရှိပြီး ရေရှည်တည်တံ့သည့်မျိုး၊ နည်းစနစ်များ အသုံးချရေး၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများထိုက်သင့်သည့်ဝင်ငွေရရှိရေးတို့အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ထိရောက်သောမူဝါဒများ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်။

အဓိကအခြေခံစီးပွားရေးမှာ လယ်ယာကဏ္ဍဖြစ်။

နိုင်ငံတော်အစိုးရသည် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နှင့်အညီ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးအစီအစဉ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်နှင့်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိ။

နိုင်ငံတော်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တွင် ၂၀၁၉ – ၂၀၂၀ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရလယ်ယာကဏ္ဍအနေဖြင့် စုစုပေါင်း ၁၄ ဒသမ ၁ ရာခိုင်နှုန်း၊ သားငါးကဏ္ဍအနေဖြင့် စုစုပေါင်း၇ ဒသမ ၇ရာခိုင်နှုန်း ပါဝင်လျက်ရှိ။

စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးပါဝင်မှုမှာ ၃၈ရာခိုင်နှုန်းဖြစ်။

စားနပ်ရိက္ခာဖူလုံရေးအတွက် ပြည်တွင်း၌အဓိကစားသုံးသည့်ဆန်စပါးကို ဒေသအလိုက် ဖူလုံရေးအစီအမံများ၊ စားသုံးရာတွင်အရည်အသွေးကောင်းပြီး ပြည်ပဈေးကွက်တွင်ဈေးကောင်းရစေမည့်စပါးမျိုးများ တိုးတက်ထုတ်လုပ်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိ။

လက်ရှိစိုက်ပျိုးဧရိယာပေါ်တွင် အထွက်နှုန်းတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

စားသုံးဆီဖူလုံမှုမရှိသဖြင့် ပြည်ပမှ တင်သွင်းရလျက်ရှိ။

မြေပဲနှင့်နှမ်းအပြင် ဆီထွက်နှုန်းကောင်းသည့် ဆီအုန်း၊ နေကြာ၊ ပြောင်း၊ မုန်ညင်းနှင့်ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့်သော်လည်းကောင်း၊ ဖွဲနု၊ ဝါစေ့နှင့်ပြောင်းဖူးကဲ့သို့ ဘေးထွက်ပစ္စည်းများမှလည်းကောင်း ပြည်တွင်းဆီထုတ်လုပ်မှုကို မြှင့်တင်။

ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အညီ စားသုံးဆီသုံးစွဲမှုလျှော့ချကြရန် အသိပညာပေးပြီး နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

ပြည်သူများ၏စားရေးအပြင် ဝတ်ရေးအတွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အထည်အလိပ်ကဏ္ဍတွင်အရေးကြီးသည့်ဝါကို အဓိကသီးနှံအဖြစ်မြှင့်တင်ဆောင်ရွက်ရန်နှင့် စက်မှုကဏ္ဍကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ခေတ်မီတိုးတက်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိ။

ကိုဗစ်ကပ်ရောဂါကူးစက်ပြန့်ပွားသည့်ကာလတွင် သွင်းအားစု၊ သယ်ယူပို့ဆောင်စရိတ်နှင့်ထုတ်လုပ်မှုစရိတ်များမြင့်တက်လျက်ရှိသော်လည်း နိုင်ငံအတွင်း စားသောက်ကုန်ပြတ်လပ်မှုမရှိသည့်အပြင် ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သဖြင့် စိုက်ပျိုးရေလုံလောက်မှုရှိသည့်အတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်ဖွယ်မရှိကြောင်း ခန့်မှန်းထား။

စားနပ်ရိက္ခာအတွက်အရေးကြီးသည့် သီးနှံများဧရိယာတိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံချက်များ ချမှတ်ဆောင်ရွက်။

မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရန်နှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်ကဏ္ဍတိုးတက်လာစေရန် ဌာန၊ သမဝါယမ၊ ကုမ္ပဏီအစီအစဉ်ဖြင့် မျိုးစေ့ထုတ်လုပ်။

ရာသီဥတုပြောင်းလဲမှုအပေါ်မူတည်၍ ရေမြေ၊ ဒေသ အလိုက်လိုက်လျောညီထွေဖြစ်မည့် သီးနှံပုံစံများပြောင်းလဲစိုက်ပျိုး။

ဆည်ရေလုံလောက်စွာ မရရှိသည့်ဒေသများတွင်ဝင်ငွေရရှိစေနိုင်မည့်သီးနှံများ ပြောင်းလဲစိုက်ပျိုး။

သက်တမ်းတို ဟင်းသီးဟင်းရွက်များစိုက်ပျိုးခြင်း၊ ဒေသဝမ်းစာဖူလုံရေးအစီအမံများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများမြှင့်တင်ခြင်း စသည့်လုပ်ငန်းများကို နေပြည်တော် ကောင်စီနယ်မြေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆောင်ရွက်လျက်ရှိ။

ပြည်သူများ၏အာဟာရပြည့်ဝရေးအတွက် အသားကဏ္ဍဖွံ့ဖြိုးပြီး အသားစားသုံးမှုမြင့်မားလာစေရန်နှင့်မွေးမြူရေးလုပ်ငန်းခေတ်မီဖွံ့ဖြိုးလာစေရန်အတွက် နွား၊ ကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ ဘဲနှင့် ကြက်မျိုးကောင်းမျိုးသန့်များဖြန့်ဖြူး။

မေထုန်မဲ့နည်းဖြင့် မျိုးမြှင့်မျိုးပွားမှုကိုမြှင့်တင်ခြင်း၊ မွေးမြူရေးခြံများတွင် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ (Good Animal Husbandry Practices - GAHP) လိုက်နာကျင့်သုံးစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိ။

ပြည်တွင်းပြည်ပဈေးကွက်ခိုင်မာစွာရရှိရန်နှင့်ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရန် ငါး၊ပုစွန်မွေးမြူခြင်းလုပ်ငန်း၌ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practices- GAqP) အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်။

ငါးမွေးမြူရေးသင်တန်းများဒေသအရောက်ပို့ချခြင်းနှင့် လိုအပ်သောသားပေါက်များဖြန့်ဖြူးပေးခြင်း၊ ငါးရောဂါဆိုင်ရာဓာတ်ခွဲခန်းများတည်ထောင်ခြင်း၊ အအေးပိုင်းငါးများ သားဖောက်ခြင်းနှင့်မွေးမြူရေးနည်းပညာများပံ့ပိုးပေးခြင်း၊ မြစ်ချောင်းများအတွင်း လှောင်အိမ်ဖြင့်ငါးမွေးမြူသည့်နည်းပညာများဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ကပ်ရောဂါကူးစက်ပြန့်ပွားလျက်ရှိသည့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင်အဓိကရိက္ခာဖြစ်သည့် စပါးသီးနှံစိုက်ဧက ၁၇ ဒသမ ၂၀ သန်းကျော်နှင့် အထွက်တင်းပေါင်း ၁၂၆၅ သန်းကျော်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့။

အဓိကဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာစိုက်ဧက ၇ ဒသမ ၂၁ သန်းကျော်၊ အထွက်တင်းပေါင်း ၁၈၄ သန်းကျော်နှင့် ပဲမျိုးစုံသီးနှံများစိုက်ဧကစုစုပေါင်း ၉ ဒသမ ၈၁ သန်းကျော်၊ အထွက်တင်းပေါင်း ၁၅၆ ဒသမ ၈၉ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့။

အသားမက်ထရစ်တန် ၁ ဒသမ ၀၅သန်း၊ ငါးမက်ထရစ်တန် ၅ ဒသမ ၄သန်း၊ နို့ကီလိုဂရမ် ၁၈ ဒသမ ၇ သန်း၊ ဥအလုံးရေ ၂၂၈၃ ဒသမ ၈၁ သန်းထုတ်လုပ်နိုင်ခဲ့။

အာဟာရချို့တဲ့မှုနှုန်းမြင့်မားနေခြင်းကိုလျှော့ချရန် ရည်ရွယ်ရေးဆွဲထားသော ကဏ္ဍပေါင်းစုံပါဝင်သည့် အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း ၂၀၁၈-၂၀၂၃ ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

ယင်းသို့ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်မှုအရ နိုင်ငံတွင်ဆန်နှင့်စားနပ်ရိက္ခာ ပြည့်စုံစေသည့်အပြင် အပိုအလျှံများကို ပြည်ပသို့တင်ပို့ရောင်းချနိုင်လျက်ရှိ။

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးညီညွတ်မျှတရန် လိုအပ်။

ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှုနောက်ကျနေသေးသည့် ဒေသများဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့်ကျေးလက်ကွာဟမှုကို လျှော့ချပေးနိုင်မည်ဖြစ်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သောက်သုံးရေ၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ဆောင်နိုင်ရန် အရင်းမပျောက်မတည်ငွေထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးကို ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်စေခြင်း၊ တစ်နိုင်တစ်ပိုင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအား နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိစေရန်လူမှု အဖွဲ့အစည်းများနှင့်ညှိနှိုင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ။

မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention of Biological Diversity- CBD) ၏အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့။

အဖွဲ့ဝင်နိုင်ငံများညီလာခံတွင် ချမှတ်ခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံအဆင့်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက် (၂၀၁၅ –၂၀၂၀) အား ရေးဆွဲပြီးဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ငါးဖွဲ့ ဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်လျက်ရှိ။

အမျိုးသားဇီဝလုံခြုံမှုဆိုင်ရာမူဘောင်နှင့်မူဝါဒကို ထုတ်ပြန်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်ရေးဆွဲရေး စီမံကိန်းကို ဆောင်ရွက်လျက်ရှိ၊

ငါးသယံဇာတရေရှည်တည်တံ့ရေးအတွက် ငါးမဖမ်းရရာသီသတ်မှတ်ခြင်း၊ တရားမဝင်ငါးဖမ်းဆီးမှုပပျောက်စေရေးအတွက် Vessel Monitoring System ဖြင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ မျိုးစိတ်တစ်ခုခြင်းအလိုက်။ ငါးဖမ်းဧရိယာအလိုက် ငါးမဖမ်းရနယ်မြေများသတ်မှတ်ခြင်း၊ တားမြစ်ထားသည့်ငါးဖမ်းကိရိယာများဖြင့်မဖမ်းဆီးရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းများနှင့် ငါးသယံဇာတတည်ရှိမှု အကဲဖြတ်လေ့လာဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ။

ယခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ဆောင်ပုဒ်မှာ **"ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏အနာဂတ်၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှု၊အာဟာရ၊သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဘဝ"**(Our actions are our future. Better Production, Better Nutrition, a Better Environment and a Better Life) ဖြစ်၍ မိဘပြည်သူအပေါင်းတို့၏ လူမှုစီးပွားဘဝနှင့်သဘာဝပတ်ဝန်းကျင် ကောင်းမွန်သာယာလှပစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ယနေ့ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်သော အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံသည့် စားနပ်ရိက္ခာဖူလုံစွာရရှိရေး၊ ဆင်းရဲချမ်းသာကွာဟမှုများ ကျဉ်းမြောင်းရေး၊ ကျေးလက်ဒေသ စည်ပင်သာယာဖွံ့ဖြိုးရေးလုပ်ငန်းများသည် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ဆောင်ပုဒ်နှင့် ထပ်တူကျလျက်ရှိ။ ■

The Agri-Business News

**အယ်ဒီတာချုပ်**

မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**

တင်ကြည်လှိုင်

**ထုတ်ဝေသူ**

ဦးမျိုးတင့်ထွန်း

မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**

ဦးမောင်နီ

မြဲ - ၀၀၂၆၉

ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ဒေါင်းစီးစာလုံး**

သက်မော်

**ဒီဇိုင်း**

မြတ်လင်း၊ ခင်နွယ်နီ

**ဖလင်၊ ကာလာခွဲ**

Eagle

**ကြော်ငြာ**

လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**

စိုက်ပျိုးရေး၊
မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

**ဆက်သွယ်ရန်**

လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်
ရန်ကုန်မြို့
ဖုန်း-၆၆၃၅၀၅

Email:
agribusinessnews
2000@gmail.com

အယ် ဒီ တာ့ အာ ဘော်

# စိုက်ပျိုးရေးကဏ္ဍ ပြောင်းလဲမှုများကို ကြိုဆို

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁) မျိုးကောင်းမျိုးသန့်များ သုတေသနပြုထုတ်လုပ်ဖြန့်ဖြူးရေး (Seed Production)၊ (၂) ဝန်ထမ်းများနှင့် တောင်သူလယ်သမားများအား လေ့ကျင့်ပညာပေးရေး (Training & Education) နှင့် (၃) စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေး (Research & Development) တို့သည် အလွန်အရေးကြီးသည့် အခြေခံအချက်များ ဖြစ်သည်။

ထို့ပြင် ယင်းအခြေခံအချက်ကြီးများကို အလေးထားအကောင်အထည်ဖော်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးထုတ်ကုန်များတွင် အရေအတွက်ရော အရည်အသွေးပါတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုမှ ပိုလျှံသမျှကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားငွေရှာဖွေကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလာမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ကိုးရပ်တွင် စီးပွားရေးဦးတည်ချက်တစ်ရပ်အဖြစ် **“စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး၊ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”**ဟူ၍ သတ်မှတ်ပေးထားပြီး ဖြစ်သည်။

ယင်းစီးပွားရေးဦးတည်ချက်အောင်မြင်ရေးအတွက် အထက်ဖော်ပြပါကဏ္ဍကြီးသုံးရပ်တွင် ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲအစားထိုးဆောင်ရွက်ရန် လိုအပ်နေပြီ ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်မှသာ စိုက်ပျိုးထုတ်လုပ်ထွက်ရှိလာသည့်သီးနှံများ စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ရေရှည်အတွက် ခိုင်မာသောဈေးကွက်ရရှိနေမည်ဖြစ်သည်။

ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့တွင် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းများကို မျိုးစေ့ထုတ်ကုမ္ပဏီများကပါ ကန်ထရိုက်လယ်ယာစနစ်ဖြင့် တိုးချဲ့ဆောင်ရွက်လာနေကြသဖြင့် ယင်းလုပ်ငန်းကလည်း ချမှတ်ပေးထားသည့် စီးပွားရေးဦးတည်ချက်ကို များစွာအထောက်အကူဖြစ်နိုင်မည် ဖြစ်ပေသည်။

ယခုနှစ်တွင် သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များဖြင့် မိုးစပါးတစ်ဧက တင်း ၁၀၀နှင့်အထက် ထွက်ရှိရေး၊ နွေစပါးတစ်ဧက တင်း ၁၁၀ မှ ၁၂၀ အထိ ထွက်ရှိရေးတို့ကို ဧက ၁၀၀ စံပြစိုက်ကွက်များ ဖော်ဆောင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ရှေ့ပြေး ဆောင်ရွက်လျက်ရှိပြီး နောင်နှစ်များတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။

ထို့ပြင် ပြောင်းလဲလာသည့် ငွေကြေးအခြေအနေများအရ ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာမှုကို အစားထိုးနိုင်ရန် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများကို စိုက်ပျိုးရေးပညာရှင်များက ကွင်းဆင်း၍ လက်တွေ့သင်ကြားပြသဆောင်ရွက်နေ၍ တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောဖြင့် ဓာတုဓာတ်ကြွင်းလျှော့ချကာ ကျန်းမာရေးအထောက်အကူပြုအစားအစာများ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်တော့မည်ဖြစ်သည်။

စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအဆင့်ဖြင့် တိုက်ရိုက်ရောင်းချခြင်းမပြုဘဲ တန်ဖိုးမြင့်ကုန်ချောထုတ်ကုန်များအဖြစ် ပြောင်းလဲကာရောင်းချခြင်းဖြင့် အကျိုးအမြတ်ပိုမိုရရှိရေးကိုလည်း ဆောင်ရွက်နေပြီ ဖြစ်သည်။

ထို့ကြောင့် အနာဂတ်မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ချမှတ်ပေးထားသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ အရေအတွက်ရော၊ အရည်အသွေးပါ တိုးတက်အောင် ခေတ်မီနည်းစနစ်များနှင့် ပြောင်းလဲဆောင်ရွက်နေခြင်းကို ကြိုဆိုလိုက်ရပေသည်။ ။

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနား
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး မိန့်ခွန်း ကောက်နုတ်ချက်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် အောက်တိုဘာ ၁၆ ရက်ကျရောက်တိုင်း လူသားတို့အတွက် စားနပ်ရိက္ခာ၏ အရေးပါမှုကို သတိမူမိကြစေရန် ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) အဖြစ် သတ်မှတ်ကျင်းပလျက်ရှိ။

ယခုနှစ်သည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၇၆ ကြိမ်မြောက် အထိမ်းအမှတ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ကျင်းပမှု ၄၁ နှစ်မြောက်ဖြစ်။

ယနေ့ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၉ ဘီလီယံအတွက် စားနပ်ရိက္ခာဖူလုံမှုကို အပြည့်အဝကြိုးပမ်းဆောင်ရွက်လျက်ရှိ။

အချို့နိုင်ငံများတွင် ရိက္ခာမလုံလောက်မှုကြောင့် ဆင်းရဲငတ်မွတ်မှုနဲ့ အာဟာရချို့တဲ့မှု အန္တရာယ်ရှိနေ။

ကုလသမဂ္ဂအဖွဲ့ကြီးကချမှတ်ထားသော ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs) ကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီနိုင်ရေး ဆောင်ရွက်လျက်ရှိ။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာမှာလည်း ကမ္ဘာတစ်ဝန်းစားနပ်ရိက္ခာဆိုင်ရာကျွမ်းကျင်သူ ၅၀၀ ကျော်ပါဝင်၍ ရေရှည်တည်တံ့တဲ့ စားနပ်ရိက္ခာစနစ်များကို ပြောင်းလဲကျင့်သုံး ဆောင်ရွက်နိုင်ရေး နည်းလမ်းများကို ဆွေးနွေးခဲ့ကြ။

ယခု ၂၀၂၁ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) ဆောင်ပုဒ်ဖြစ်တဲ့ **“ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ အနာဂတ်၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှု၊ အာဟာရ၊ သဘာဝပတ်ဝန်းကျင်နှင့်လူနေမှုဘဝ”** ဆိုသည့် **ကောင်း လေးကောင်း** (Four Betters) နှင့်အညီ စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်များဟာ မဖြစ်မနေဆောင်ရွက်ရမယ့် အရေးကြီးတာဝန်ဖြစ်။

မြန်မာနိုင်ငံအနေနဲ့လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးဒဏ်နှင့် ကိုဗစ်–၁၉ ကပ်ရောဂါ ကျရောက်မှုတို့ကို ကြုံတွေ့ခံစားနေရ။

ကိုဗစ်–၁၉ ကပ်ရောဂါအတွက် အသွားအလာကန့်သတ်မှုကြောင့် ထောက်ပံ့မှုလမ်းကြောင်းများ ထိခိုက်ခြင်း၊ သွင်းအားစုပစ္စည်းများရရှိမှု မလုံလောက်ခြင်းစတဲ့ အခက်အခဲများကြားမှ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြတဲ့ စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများရဲ့ လယ်ယာစီးပွားလုပ်ငန်းရှင် စိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း ပြောကြားလို။

မမျှော်မှန်းနိုင်သော စိန်ခေါ်မှုများရှိသော်လည်း မြန်မာ့လယ်ယာကဏ္ဍမှာ လယ်ယာသားငါးကုန်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုကို အရှိန်မပျက် ဆောင်ရွက်နိုင်တာကို တွေ့ရှိရ။

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆန်မက်ထရစ်တန် ၂ ဒသမ ၅၈ သန်း၊ ပဲမျိုးစုံမက်ထရစ်တန် ၁ ဒသမ ၆ သန်း၊ ပြောင်းမက်ထရစ်တန် ၂ ဒသမ ၂ သန်း၊ နှမ်းမက်ထရစ်တန် ၀ ဒသမ ၁၇ သန်း၊ ရေထွက်ပစ္စည်းမက်ထရစ်တန် ၀ ဒသမ ၆၇ သန်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့။

ရေရှည်တည်တံ့ခိုင်မြဲသော စားနပ်ရိက္ခာထုတ်လုပ်မှု တောင်သူလယ်သမားများကို လိုအပ်ချက်ကြီးသုံးချက် ဖြည့်ဆည်းပေးရန် လိုအပ်။

ပထမအချက်က ဈေးကွက်ရရှိနိုင်မှု၊ ဒုတိယအချက်က လယ်ယာထုတ်ကုန်များ ထုတ်လုပ်မှုစွမ်းအားနဲ့ အရည်အသွေးမြင့်မားရေးအတွက် နည်းပညာလိုအပ်မှု၊ တတိယအချက်က ငွေကြေးအရင်းအနှီးလိုအပ်မှုတို့ဖြစ်။

ပထမလိုအပ်ချက်ဖြစ်တဲ့ ဈေးကွက်ရရှိရေးအတွက်ကုန်သွယ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံကုန်သွယ်မှုစာချုပ်များ ချုပ်ဆိုခြင်း၊ သီးနှံ၊ တိရစ္ဆာန်ပိုးမွှားရောဂါ ကင်းစင်ရေးဆိုင်ရာစာချုပ်များချုပ်ဆိုခြင်း၊ ပို့ကုန်

စာ – ၇ သို့



# တောင်သူ့အကျိုးပြု မိတ်ဆွေပိုးများ

ဘုန်းမြတ်

လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေးမှာ ပိုးမွှားနဲ့ အပင်ရောဂါအဖျက်ကတော့ အနည်းနဲ့ အများ ကြုံတွေ့နေကြရတာပါ။ ပိုးကျတိုင်းအထွက် ကျသလား ဆိုတာကတော့ အထွက်ထိခိုက်ဆုံးရှုံးနိုင်တာရှိသလို၊ မရှိတာလည်း တွေ့ကြရပါတယ်။ ဒါက ဖျက်ဆီးမှုပမာဏ ဆုံးရှုံးမှု ဘယ်လောက်ရှိနိုင်သလဲ၊ ရှိနေပြီလဲ၊ မရှိသေးဘူးလားဆိုတာကို သိရ၊ ကြည့်ရပါမယ်။

ကာကွယ်မှု ရှိတယ်၊ နှိမ်နင်းမှု ရှိတယ်၊ ဖျက်ဆီးမှု ပမာဏ များလာနိုင်ရင် နှိမ်နင်းရမယ်၊ ကာကွယ်မှုတွေ ကြိုတင်လုပ်ရမယ်၊ မိမိ စိုက်ခင်းကို နေ့စဉ်နီးပါး နံနက်ညနေ စစ်ဆေးကြည့်ရှုသင့်တယ်။ နေ့လယ်ကျတော့ ပိုးတွေက ခိုနားတတ်ကြတယ်။ ကာကွယ်မှုတွေမှာ သဘာဝအရ စိုက်ခင်းထဲမှာ အပင်ဖျက်ပိုးတွေနဲ့အတူ ယှဉ်တွဲနေထိုင်ကြတဲ့ ဖျက်ပိုးကို ရှာဖွေစားသောက်တဲ့ မိတ်ဆွေပိုးတွေက နှိမ်နင်းနေကြတာ ရှိတယ်။ ကာကွယ်ပေးမှုတွေ ဖြစ်နေတယ်။ အဲဒီရဲ့ ဖျက်ပိုးနဲ့မိတ်ဆွေပိုးအရေအတွက် ညီမျှခြေရှိသလား၊ ဖျက်ပိုး ကပိုများတဲ့အရေအတွက်ရှိနေပြီလား၊ မိတ်ဆွေပိုးက ဖျက်ပိုးတွေအပေါ် နိုင်နေပြီလား၊ လေ့လာစစ်ဆေးကြည့်ရှုကြရပါတယ်။

လွှတ်သာထားလိုက်။ နှိမ်နင်းဖို့၊ ပိုးသတ်ဆေး ဖျန်းဖို့ မစဉ်းစားနဲ့ဦး၊ ပိုးကျပြီဆိုတာနဲ့ ဘာဆေးဖျန်းရမလဲ မစဉ်းစားနဲ့ဦး။ လိုအပ်ချိန်ကျတော့ နှိမ်နင်းမှုအဆင့်လုပ်ဖို့ ပိုးသတ်ဆေးဖျန်းကိုဖျန်းရတော့မယ်။ ဒီအခါ ဖျက်ပိုးလည်းထိ၊ မိတ်ဆွေပိုးလည်းထိမှာပဲ။

စပါးစိုက်ခင်းမှာ စိုက်ခင်းရဲ့ အစောပိုင်း ရှေ့ပိုင်းကာလ စိုက်ပျိုးပြီးသုံးလခွဲခန့်အထိ ရွက်စားပိုးတွေဖြစ်ကြတဲ့ ရွက်လိပ်အိမ်ပိုး၊ ကျောက်ဆူးပိုး၊ ပိုးလောင်မီး၊ ရွက်လိပ်ရွက်ခေါက်ပိုး၊ ရွက်ဖွေလောက်လို့ တောင်သူအချို့ခေါ်ကြတဲ့ စပါးရွက်စားပင်တွေ၊ အရွက်တွေမှာ တွေ့ရလေ့ရှိတယ်။ စပါးပင် ငယ်စဉ်ကျလေ့ ရှိတယ်။ စပါးပင်ကြီးလာတော့ ထိခိုက်မှု၊ ကျရောက်မှု နည်းတယ်။

ရွက်လိပ်ရွက်ခေါက်ပိုးဆိုရင် အစောပိုင်းကာလ ဖျက်ဆီးမှုနည်းတယ်။ ဒါပေမယ့် စပ်မျိုးစပါးခင်းတွေမှာတော့ ကျရင် ပျက်စီးမှုများတာတော့ ရှိတယ်။ ရွက်စားပိုးတွေ ကျရောက်မှုကို ပိုးသတ်ဆေးမဖျန်းဘဲ ပိုးအရေအတွက်ကလည်း မများသေးရင် စပါးပင်က သဘာဝအလျောက် အရွက်တွေအစားထိုးရှင်သန်အောင် ထပ်ထွက်တယ်။ စပါးခင်းမှာ ရေနဲ့မြေဩဇာအစာကျွေးထားရင် ဒီအလုပ်တွေ အပင်ကလုပ်နေတယ်။

လွန်လွန်ကဲကဲကျလာရင် အရေအတွက်များလာရင်တော့ နှိမ်နင်းမှုအဆင့် ပြုလုပ်ရပြီမို့ ဒီအခါမှ ပိုးသတ်ဆေး ဖျန်းသင့်ဖျန်းရပြီ။ တချို့သော ပိုးများမှာ လယ်ထဲရေသွင်း ရေထုတ်ပြုလုပ်ပေးတာနဲ့ ကာကွယ်မှုပေးနိုင်တယ်။ (မိုးလောင်မီး) (ဖြုတ်ပိုး)

တချို့ဖျက်ပိုးတွေကျတော့ လယ်ထဲရေသွင်းထည့်ပေးတာနဲ့ ကာကွယ်မှုနှိမ်နင်းမှုရတယ်။ (နှံဖြတ်ပိုး၊ ငမြှောင်တောင်၊ ဆစ်ပိုး) စပါးပျိုးခင်းတွေမှာ ဆစ်ပိုးကျရင် ပျိုးပင်ရဲ့ ထိပ်ပိုင်း သုံးပုံတစ်ပုံဖြတ်ပြီး အဲဒီပျိုးပင်ပြန်စိုက်တာနဲ့ ကာကွယ်နိုင်တယ်။ ရင့်မှည့်ချိန်ကျရောက်ဖျက်ဆီးတတ်တဲ့ နှံဖြတ်ပိုးဆိုရင်တော့ လယ်ထဲတွေ့ပြီကျပြီဆိုတာသိသိချင်း အထွက်ကို အများကြီးထိခိုက်နိုင်တာကြောင့် ကာကွယ်မှုထက် နှိမ်နင်းမှု ကို ဦးစားပေးစဉ်းစားရပြီ။

နှံဖြတ်ပိုးက နှစ်တိုင်းတော့ မကျပေမယ့် ကျရင် ပျက်စီးမှုဆိုးတယ်။ စပါးခင်း ရေသွင်းတာတို့၊ နှံဖြတ်ပိုးဥတွေပေါ် ကပ်ပါးပြုတဲ့အကျိုးပြု နကျယ်ကပ်ပါး မိတ်ဆွေပိုးတွေလည်းရှိတယ်။ ဒါတွေလည်း ကာကွယ်မှုပေးတာ ရှိကြပေမယ့် နှံဖြတ်ပိုးက ရာသီဥတု အရင်နှစ်က မိုးခေါင်ပြီး မိုးဦး မိုးကောင်းခဲ့ရင် မိုးဦးမိုးလယ်မိုးကောင်းပြီး မိုးလယ်မိုးခေါင်ရင် ကျတတ်တယ်။ လယ်ထဲပိုးတွေ့တာနဲ့ ဆိုးဝါးတဲ့အခြေအနေ ရှိပြီး ဖျက်တာက ညနေနေဝင်ချိန်ကစပြီး တစ်ညလုံး နံနက် မိုးသောက်အလင်းရောက်ချိန်အထိ အနှံတွေ၊ စပါးစေ့တွေ ကိုက်ဖြတ်တဲ့ပိုးဆိုတော့ ကာကွယ်မှုတွေမှာ စပါးမစိုက်ခင် ထယ်ထွန်နက်နက်ထိုးတာ၊ ပေါင်းမြက်ရှင်းတာတွေကို ကျန်တဲ့လယ်တွေမှာ ပြုလုပ်ပေးရတယ်။

ဒါပေမယ့် နှံဖြတ်ပိုးလို ပိုးမျိုးကျတော့ ကာကွယ်မှုထက် နှိမ်နင်းဖို့ ဦးစားပေးရတာမျိုးရှိတယ်။ ဖျက်ပိုးတွေကို မနှိမ်နင်းခင်၊ ကာကွယ်နှိမ်နင်းတဲ့နည်းလမ်းတွေမှာ မိတ်ဆွေပိုးတွေအပြင် ပိုးမွှားအလိုက်ခံနိုင်တဲ့မျိုးတွေကို စိုက်ပျိုးသူတွေက ရွေးချယ်စိုက်ပျိုးကြဖို့ စိုက်ပျိုးနည်းစနစ်တွေဆိုလည်း သီးနှံအလိုက် ဆောင်ရွက်သင့်တာတွေရှိတာကို လိုက်နာကြဖို့၊ ပေါင်းမြက်ရှင်းတာ၊ မြေပြုပြင်တာ၊ စိုက်ပျိုးမှုစနစ်တွေမှာ အတန်းလိုက်စိုက်တာ၊ မိတ်ဆွေပိုးတွေ မလျော့နည်းအောင် ထိန်းသိမ်းဖို့၊ ဘက်စုံပိုးမွှားကာကွယ်နည်းတွေ ကျင့်သုံးဖို့၊ သဘာဝပိုးသတ်ဆေးတွေသုံးကြည့်၊ ဓာတုပိုးသတ်ဆေးကို နောက်ဆုံးအဆင့်မှ လိုအပ်ရင်သုံးကြည့်၊ သုံးရင်လည်း ဓာတုပိုးသတ်ဆေးတွေဆိုရင် အနည်းဆုံးနဲ့အထိရောက်ဆုံး အသုံးချနှိမ်နင်းဖို့ဆိုတာတွေဟာ ဖျက်ပိုးတွေမများအောင်၊ ပျက်စီးမှုမများအောင်ပြုလုပ်နိုင်တဲ့ နည်းလမ်းတွေဖြစ်ပါတယ်။

မိတ်ဆွေပိုးတွေကို သိရမယ်၊ မိတ်ဆွေပိုးတွေဆိုတာ အပင်ဖျက်ပိုးတွေကို စိုက်ခင်းထဲမှာ ရှာဖွေပြီး အဓိကစားကြတာ၊ မိတ်ဆွေပိုးကသုံးမျိုးရှိတယ်။ (၁) သားရဲကောင်၊ (၂) ကပ်ပါး၊ (၃) ဖျက်ပိုးတွေကို ရောဂါဖြစ်စေတဲ့သက်ရှိတွေ ဖြစ်တယ်။

**သားရဲကောင်**တွေက သီးနှံဖျက်ပိုးတွေကို စိုက်ခင်းထဲမှာ ရှာဖွေပြီးကို လိုက်ရှာစားတာ။ **ကပ်ပါး**တွေက ဥကပ်ပါး၊ လောက်ကောင်ကပ်ပါးရှိတယ်။ ဖျက်ပိုးလောက်ကောင်တွေရဲ့ ခန္ဓာကိုယ်ထဲဝင်ပြီး စားသောက်ကြီးပြင်းကြတာ။ ပြီးတော့ **ကပ်ပါးကျတဲ့ပိုးကောင်**က သေသွားကြတာ။ ဖျက်ပိုးတွေကို ရောဂါဖြစ်စေတဲ့သက်ရှိတွေက မှိုရောဂါ၊ ဗိုင်းရပ်စ်ရောဂါ အဓိကပဲ။ အပင်ဖျက်ပိုးတွေရဲ့ သဘာဝရန်သူ မိတ်ဆွေပိုးတွေမှာ နံကောင်က စပါးနံစုပ်ပိုး၊ ဆစ်ပိုး၊ ဖြုတ်တွေစားပြီး ဖျက်ဆီးတယ်။ ကျိုင်း၊ နကျယ်၊ ပုစဉ်းတွေက ဖြုတ်ရှာစားတယ်။ ရှစ်ခိုးကောင်၊ ပင့်ကူတွေက သားရဲကောင်တွေ၊ နကျယ်က ရွက်ခေါက်ပိုး၊ ထွာကောင်စိမ်း၊ ခူမွေးစုပ်၊ ဆစ်ပိုးတွေကို ကပ်ပါးပြုတဲ့ အကျိုးပြုပိုးဖြစ်တယ်။

မိတ်ဆွေပိုးတွေကို ထိန်းသိမ်းရာမှာ ပိုးသတ်ဆေးကို အရင်ဦးစွာ ပိုးကျပြီဆိုတာနဲ့ ဖျန်းခြင်းက ဖျက်ပိုးတွေ ထိခိုက်သေတာတွေ့ရပြီး မိတ်ဆွေပိုးတွေသေတာကို မသိကြတာများတယ်။

မြန်မာနိုင်ငံမှာ ပိုးသတ်ဆေးကို တွင်တွင်ကျယ်ကျယ် မသုံးခဲ့တဲ့ကာလတွေတုန်းက အိမ်နီးချင်းနိုင်ငံတွေမှာ စပါးခင်းတွေ ဖြုတ်ပိုး ဆိုးဆိုးဝါးဝါးကျခဲ့ဖူးတယ်။ မြန်မာနိုင်ငံမှာ ဖြုတ်ပိုးကျလေ့ရှိပေမယ့် အဲဒီနိုင်ငံတွေလို မများခဲ့ဘူး။ အန္တရာယ်ဆိုး မကြုံခဲ့ဘူးတာ မှတ်တမ်းရှိခဲ့တယ်။

ပိုးသတ်ဆေးကို သုံးသင့်တာထက် ပိုမယ်၊ ဖျန်းသင့်တာထက် အကြိမ်အရေအတွက်များမယ်ဆိုရင် ကြာရင် ဖျက်ပိုးတွေက ပိုးသတ်ဆေးဒဏ်ခံနိုင်လာတယ်။ အဓိက ဖျက်ပိုးမဟုတ်တဲ့ သာမန်ဖျက်ပိုးတွေများလာပြီး ဖျက်ဆီးမှု လုပ်လာမယ်။ ထွက်လာတဲ့သီးနှံတွေမှာ ပိုးသတ်ဆေး ဓာတ်ကြွင်းတွေ ပါလာမယ်။ စားသုံးသူအန္တရာယ်ဆိုးကျိုး ဖြစ်မယ်။

ဒါကြောင့် ဖျက်ပိုးဆွေကို သဘာဝအရ နှိမ်နေတဲ့ မိတ်ဆွေပိုးတွေရှိဖို့၊ ဌာနတွေက မိတ်ဆွေပိုးတွေများများ မွေးမြူပြီး တောင်သူ့စိုက်ခင်းတွေထဲပို့လွှတ်ဖို့၊ ဟင်းသီးဟင်းရွက်နဲ့ပဲမျိုးစုံမှာကျတဲ့ ပျံနဲ့ပဲပိုးတွေကို သားရဲကောင်နဲ့ ကပ်ပါးမှုတွေ အသုံးပြု နှိမ်နင်းကြဖို့ လုပ်နေကြပါတယ်။

ဘက်စုံကာကွယ်နှိမ်နင်းတယ်ဆိုတာက ဆေးဖျန်းတာ တစ်ခုထဲအားပြုနှိမ်နင်းတာမဟုတ်ဘဲ မျိုးစေ့မျိုးသန့် မျိုးကောင်းစိုက်ဧကေ မြေသြဇာ ပြုပြင်ကာ စိုက်ပျိုးချိန်မှန်အောင် ပြုလုပ်တာ၊ ရေဝပ်ရေတင်ဒဏ်မခံစားရအောင် လုပ်တာ၊ ရိတ်ပေးပြီး ပင်တွင်း၊ ပင်ပွားဖယ်ရှားတာ စိုက်စနစ်မှန်ကျင့်သုံးတာတွေ ပြုလုပ်လာတာမျိုးပါ။

စပါးမှာဆိုလည်း ရွက်စားပိုးတွေကို စပါးစိုက်ပြီး ရက် ၄၀ ဝန်းကျင်ကျခဲ့လဲ ဆေးမဖျန်းဘဲ စောင့်ကြည့်တာ၊ ပုလဲဓာတ်မြေဩဇာလေးနည်းနည်းထည့်လာတာ လုပ်ရင် ရတာမျိုး၊ ကြက်သွန်မြိတ်ပိုးဆိုလည်း စပါးခင်းတွင်း စောစော ကျစေဖို့ကို ဂရုပြု၊ ပျိုးခင်းထဲပျိုးမနုတ်ခင် ငါးရက်အလို ပင်လုံးပြန့်ဆေးထည့်ပြီးမှ ရွှေ့စိုက်တာ စပါးပင်ကြီးတော့ စပါးကြက်သွန်မြိတ်ပိုးကျမှုနည်းတာမရှိတာတွေ သိထားရင် ပိုးသတ်ဆေးကို ဖျန်းစရာမလိုအောင် အသိတွေရှိလာကြပါမယ်။ ■

စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းမြင့်တက်နေမှုကြောင့် နွေစပါးစိုက်ပျိုးရန် အခက်အခဲများဖြစ်ပေါ်နေသော တောင်သူဦးကြီးများ အဆင်ပြေစေရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က စီစဉ်ဆောင်ရွက်နေမှုများကို အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်နှင့် တွေ့ဆုံမေးမြန်း တင်ပြအပ်ပါသည်။ (အယ်ဒီတာ)

# စပါးအခြေခံဈေးနှုန်းထက် ပိုရလျှင် လွတ်လပ်စွာ ရောင်းဝယ်နိုင်

# နွေစပါးအတွက် စက်သုံးဆီ၊ ဓာတ်မြေဩဇာ ပြတ်လပ်မှုမရှိစေရန် စီမံ



ကော်လင်းထွင့်

တွေ့မေးတင်ပြသည်။

**မေး – မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့ တောင်သူဦးကြီးတွေအတွက် ကူညီဆောင်ရွက်ပေးနေမှုကို သိပါရစေ။**

**ဖြေ** – မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့ တောင်သူဦးကြီးတွေအတွက် မိုးစပါး၊ နွေစပါးအခြေခံစပါးဈေးနှုန်းကို စပါးတင်း ၁၀၀ ကို ၅၄၀၀၀၀ ကျပ် သတ်မှတ်ပေးထားပါတယ်။ ဒီဈေးနှုန်းကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကုန်သည်၊ လုပ်ငန်းရှင်တွေ တွေ့ဆုံညှိနှိုင်းပြီး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က ထုတ်ပြန်ကြေညာပေးထားပါတယ်။ တောင်သူဦးကြီးတွေရဲ့ တစ်ဧကစိုက်စရိတ်ကုန်ကျငွေပေါ်မှာ အမြတ်ငွေ ၃၀ မှ ၄၀ ရာခိုင်နှုန်းတင်ပြီး တွက်ပေးထားတာ ဖြစ်ပါတယ်။ တောင်သူဦးကြီးတွေအနေနဲ့ ဒီဈေးထက်ပိုရင် ကြိုက်တဲ့နေရာမှာလည်း ရောင်းလို့ရပါတယ်။ အပြင်ပေါက်ဈေးက ၅၄၀၀၀၀ ကျပ်အောက် ရောက်သွားရင်သာ သတ်မှတ်ပေးထားတဲ့ဈေးနှုန်းနဲ့ ကျွန်တော်တို့က ဝယ်ပေးသွားမှာပါ။ တောင်သူဦးကြီးတွေအနေနဲ့ ဆန်စပါးဈေးနှုန်းကို စိုးရိမ်နေစရာမလိုအောင် ဒီအခြေခံဈေးနှုန်းကို ၂၀၂၂ ခုနှစ် နွေစပါးအတွက်ပါ သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။

**မေး – အခြေခံရည်ညွှန်းဈေးနှုန်းနဲ့ရောင်းချချင်တဲ့ တောင်သူဦးကြီးတွေ ဘယ်လိုဆောင်ရွက်ရမလဲ သိပါရစေ။**

**ဖြေ** – ဆန်စပါးပေါက်ဈေးက ဥပမာ ကျပ်ငါးသိန်းလောက် ဖြစ်သွားလို့ အခြေခံရည်ညွှန်းဈေးနှုန်းနဲ့ ရောင်းချင်တဲ့ တောင်သူဦးကြီးတွေအနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကိုဖြစ်စေ အသင်းချုပ်ရဲ့ မြို့နယ်ကိုယ်စားလှယ်များထံကိုဖြစ်စေ ဆက်သွယ်ရောင်းချနိုင်ပါတယ်။

**မေး – နွေစပါးအတွက် အဓိကလိုအပ်တဲ့ စိုက်ပျိုးရေးသွင်းအားစုရရှိဖို့ ဆောင်ရွက်နေမှုလေးရှိရင် သိပါရစေ။**

**ဖြေ** – အခု ပြည်တွင်းမှာ ဓာတ်မြေဩဇာဈေးနှုန်းတွေကမြင့်နေတော့ နွေစပါးအတွက် တောင်သူတွေ အခက်အခဲတွေဖြစ်နေတာ ကြားရပါတယ်။ အဲဒီအတွက် ကျွန်တော်တို့အသင်းချုပ်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို တင်ပြပြီး ဓာတ်မြေဩဇာတင်သွင်းဖို့ နိုင်ငံတကာတင်ဒါတစ်ခု ခေါ်ထားပါတယ်။

**မေး – တန်ချိန်ဘယ်လောက်သွင်းဖို့ရှိပါသလဲ။**

**ဖြေ** – ဓာတ်မြေဩဇာတန်ချိန် တစ်သိန်း တင်သွင်းမှာ ဖြစ်ပါတယ်။ ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းတဲ့နိုင်ငံကနေ တင်သွင်းပြီး ပြည်တွင်းက တောင်သူဦးကြီးတွေဆီကို ကြားခံမထားဘဲ ဈေးနှုန်းသက်သက်သာသာနဲ့ တိုက်ရိုက်စီစဉ်ရောင်းချပေးသွားမှာဖြစ်ပါတယ်။

**မေး – ပြည်တွင်းကထွက်တဲ့ ဓာတ်မြေဩဇာရရှိဖို့ဆောင်ရွက်နေတာကိုလည်း သိပါရစေ။**

**ဖြေ** – ပြည်တွင်းမှာ ဓာတ်မြေဩဇာထုတ်လုပ်တဲ့စက်ရုံလေးရုံရှိပါတယ်။ အဲဒီစက်ရုံလေးရုံက တစ်လကို တန်ချိန် တစ်သောင်းခြောက်ထောင်လောက်ထွက်ပါတယ်။ စက်ရုံတွေက အရင်က တင်ဒါခေါ်ပြီး ဈေးအများဆုံးပေးတဲ့သူကို ရောင်းချပေးတယ်။ သူတို့ကမှ တစ်ဆင့် တောင်သူတွေဆီကို ရောက်တာဆိုတော့ ဈေးနှုန်းကွာသွားမှာပေါ့။ အခု ကျွန်တော်တို့ အသင်းချုပ်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ညှိနှိုင်းပြီး တောင်သူတွေကို ဈေးနှုန်းသက်သာစွာနဲ တိုက်ရိုက်ရောင်းချပေးဖို့ စီစဉ်နေပါတယ်။ ရောင်းချရာမှာ သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနကပဲ ဖြစ်ဖြစ် တာဝန်ယူရောင်းချပေးဖို့နဲ့ ဒါမှမဟုတ် ကျွန်တော်တို့ အသင်းချုပ်ကို တာဝန်ပေးရင်လည်း အသင်းချုပ်ရဲ့ရန်ပုံငွေနဲ့ ဝယ်ယူပြီး တောင်သူတွေကို တိုက်ရိုက်ရောင်းချပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး – နွေစပါးအတွက် လိုအပ်တဲ့ စက်သုံးဆီရရှိဖို့ ဆောင်ရွက်မယ့် အစီအစဉ်လေးလည်း ပြောပြပေးပါဦး။**

**ဖြေ** – နွေစပါးအတွက် စက်သုံးဆီက လိုအပ်နေတာ မှန်ပါတယ်။ ဒါပေမယ့် အများကြီး လိုအပ်တာတော့ မဟုတ်ပါဘူး။ တစ်ဧကကို တစ်ဂါလန်၊ နှစ်ဂါလန်လောက်ပဲ သုံးကြတာဆိုတော့ အခက်အခဲသိပ်မရှိနိုင်ဘူး။ ဈေးနှုန်းက နိုင်ငံတကာငွေဈေးနှုန်း အတက်အကျပေါ်မူတည်ပြီး ပြောင်းလဲနေတာဆိုတော့ အမြင့်ဈေးအကြာကြီး မရှိနိုင်ပါဘူး။ ဒါပေမယ့် လိုအပ်လာရင်တော့ ကျွန်တော်တို့အနေနဲ့ တောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းတွေ မထိခိုက်စေဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားဖို့ ရည်ရွယ်ထားတာတော့ ရှိပါတယ်။

**မေး – တောင်သူဦးကြီးတွေကို ဆန်စပါးအသင်းချုပ်အနေနဲ့ ထပ်မံအသိပေးချင်တာလေးတွေရှိရင် သိပါရစေ။**

**ဖြေ** – နွေစပါးအတွက် အဓိကအရေးကြီးတဲ့ ဓာတ်မြေဩဇာနဲ့ စက်သုံးဆီ ပြတ်လပ်မှုမရှိစေဘဲ ဈေးနှုန်းသက်သက်သာသာနဲ့ တောင်သူဦးကြီးတွေ သုံးစွဲနိုင်အောင် ကျွန်တော်တို့ ဆန်စပါးအသင်းချုပ်အနေနဲ့ ဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ တောင်သူဦးကြီးတွေရဲ့ လိုအပ်ချက်တွေ စိုက်ပျိုးချိန်အမီ ရရှိစေဖို့ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မိတ်ဖက်အသင်းအဖွဲ့တွေနဲ့ တင်ပြညှိနှိုင်းဆောင်ရွက်နေပါတယ်။ လိုအပ်လာရင် အစိုးရက ချမှတ်ပေးတဲ့ ရန်ပုံငွေအပြင် အသင်းချုပ်ရဲ့ ရန်ပုံငွေကိုပါ သုံးစွဲဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်သူဦးကြီးတွေအနေနဲ့ နွေစပါးစိုက်ပျိုးမှုကို လွန်စွာစိုးရိမ်မှုမရှိဘဲ စိုက်ဧကအပြည့် စိုက်နိုင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်ခင်ဗျာ။ ■

ဈေးနှုန်းက နိုင်ငံတကာငွေဈေးနှုန်း အတက်အကျပေါ်မူတည်ပြီး ပြောင်းလဲနေတာဆိုတော့ အမြင့်ဈေးအကြာကြီး မရှိနိုင်ပါဘူး။ ဒါပေမယ့် လိုအပ်လာရင်တော့ ကျွန်တော်တို့အနေနဲ့ တောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းတွေ မထိခိုက်စေဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားဖို့ ရည်ရွယ်ထားတာတော့ ရှိပါတယ်။

# ဝါပင်နှင့် စုပ်ပိုး

ကိုဘဂံ



**စိုက်**ပျိုးရေးလုပ်ငန်းသည် လူသားများ၏ စားရေးအပြင် ဝတ်ရေးအတွက်လည်း ချည်မျှင်ရနိုင်သောအပင်များ စိုက်ပျိုးပေးနေရသည်။ ရေရရှိမှုသေချာသော၊ ဆည်ရေသောက်ဒေသများ၊ မြစ်ရေတင်ဒေသများတွင် ချည်မျှင်ရှည်ဝါကို မိုးကြိုနှင့်မိုးနှောင်း ရာသီကာလ စိုက်ပျိုးကြသည်။ မိုးကြိုချည်မျှင်ရှည်ဝါသည် ဇန်နဝါရီ၊ ဖေဖော်ဝါရီတွင် စိုက်ပျိုးကြသည်။ မိုးနှောင်းချည်မျှင်ရှည်ဝါကို ဩဂုတ်တွင် စိုက်ပျိုးကြသည်။ မိုးရွာမှုနည်းသော ဆည်ရေသောက်မဟုတ်သည့်ဒေသများတွင် မိုးရွာမှုအခြေပြု၍ မိုးဦးကျ မေ၊ ဇွန်လထဲတွင် မိုးစိုက်ဝါစိုက်ကြသည်။ ဝါကြီး၊ ဝါကလေးနှင့် ချည်မျှင်ရှည်ဝါ မျိုးစုံလှသည်။ ကိုယ့်ရေမြေနှင့်ဖြစ်ထွန်း ကိုက်ညီသည့်မျိုးကို ရွေးချယ်စိုက်ပျိုးကြသည်။ ချည်မျှင်တိုမှ ချည်မျှင်ရှည်၊ ပင်နီဝါအထိ ယခုတိုင်အောင် စိုက်ပျိုးနေကြဆဲ ဖြစ်သည်။

ချည်မျှင်ရှည်ဝါမှာ စိုက်ပျိုးမှု အများဆုံး ဖြစ်သည်။ မိုးကြိုဖြစ်စေ၊ မိုးနှောင်းဖြစ်စေ ဝါစိုက်ပျိုးလျှင် ဝါပင်ပေါက်ရပြီးနောက်ပိုင်းကြားကာလတွင် ဝါပင်အတွက် ရေပေးနိုင်မှ ဝါစိုက်ပျိုးမှု အောင်မြင်သည်။ ရာသီဥတုကလည်း မှန်ကန်မည်၊ ဝါမျိုးကလည်း ကောင်းမည်၊ ကြားကာလ အပင်ဖြစ်ရေး အပွင့်အသီးဖြစ်စေသော ရေပေးနိုင်မည်ဆိုလျှင် ဝါပင်ကြီးထွားမှု ကောင်းသည်။

ရေရရှိမှု၊ မြေအစိုရရှိမှု ကြည့်ရှုချိန်ဆ၍ ဝါပင် စိုက်တန်း စိပ်စိပ်ကျဲကျဲ ခွဲခြားနိုင်သည်။ မိုးနှောင်းချည်မျှင်ရှည်ဝါတွင် စိုက်ချိန်နောက်ကျလျှင် မိုးရွာမှုနှင့် အအေးဓာတ် အနည်းအများအပေါ် မူတည်ပြီး ဝါပင်သည် ကြီးထွားရတော့သည်။ မိုးရွာမှုနည်းပါးမည်။ အအေးဓာတ်ကလည်း စောစောဝင်မည်ဆိုလျှင် ဝါပင်ကြီးထွားမှုနည်းမည်။ ဒေသလိုက်၍ မိုးကြိုဝါအလေးထားစိုက်ပျိုးသော ဒေသများရှိသကဲ့သို့ မိုးနှောင်းဝါကို အလေးထား စိုက်ပျိုးသော ဒေသလည်း ရှိကြသည်။

ချည်မျှင်ရှည်ဝါမျိုးများသည် ယခုအခါ အထွက်နှုန်းအလွန်ကောင်းလာကြသည်။ (ယခင်က တစ်ဧက ပိဿာ ၅၀၀ ကျော်လျှင် အထွက်ကောင်းသည်။ ယခုအခါ တစ်ဧက ပိဿာ ၁၅၀၀ မှ ၁၈၀၀ အထိ ထွက်နေပြီ။) ငွေချည်၊ ရွှေတောင်နှင့် ပုဂ္ဂလိကကုမ္ပဏီများမှ အထွက်ကောင်းမျိုးများ ရှိလာပြီ။ အဓိကပြောင်းလဲမှုမှာ ဝါစိုက်ပျိုးရေးတွင် အဓိကအဟန့်အတားဖြစ်သော ဝါသီးလုံးဖောက်ဖျက်ပိုးကို ကာကွယ်နှိမ်နင်းနိုင်၍ ဖြစ်သည်။ ဝါသီးလုံးဖောက်ပိုးရန်မှ ကင်းဝေးသော်လည်း စုပ်ပိုးများကိုတော့ ဂရုပြုကာကွယ်နေရဆဲဖြစ်နေသည်။ စုပ်ပိုးများတွင် ဖြုတ်စိမ်းပိုး၊ လေ့ပိုး၊ ပျပိုးနှင့် အရွက်တွင်ကျသော ရွက်စားပိုး၊ ရွက်လိပ်ပိုး ဂရုပြုရသည်။

ပိုးမွှားကာကွယ်နှိမ်နင်းရေးတွင် နည်းလမ်းကောင်းတစ်မျိုး၊ နှစ်မျိုး အသုံးချ၍ မရ။ နည်းလမ်းမျိုးစုံ အသုံးပြုကြရသည်။ ပိုးသတ်ဆေးတစ်မျိုးထဲလည်း အခြေပြု ကာကွယ်နှိမ်နင်း၍မဖြစ်။ စိုက်ပျိုးနည်းစနစ်၊ ဇီဝနည်းစနစ်၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှုစနစ်တို့ကို အလေးထားပြုလုပ်ကြရသည်။ စိုက်ပျိုးနည်းစနစ်တွင် မြေထွန်ယက်ပြုပြင်မှု၊ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးမှု၊ နှစ်စဉ်နှစ်တိုင်း တစ်နေရာထဲ ထပ်ကာထပ်ကာ ဝါသီးနှံ ဆက်တိုက် စိုက်ပျိုးမှုမပြုလုပ်ဘဲ သီးလှည့်စနစ် စိုက်ပျိုးရေး၊ ပိုးကျလျှင် တစ်ဦးကောင်း တစ်ဦး ယောက်ထက် ပတ်ဝန်းကျင်တောင်သူများနှင့် စုပေါင်းနှိမ်နင်းမှုပြုကြရသည်။ ဇီဝနည်းမှာ မိတ်ဆွေပိုးများ၊ ကပ်ပါးနှင့်သားရဲကောင်များ အသုံးချကြရသည်။ အကျိုးပြုမှို၊ အကျိုးပြုဘက်တီးရီးယားများ အသုံးချကြရသည်။

ဟိုယခင်လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကာလ မိမိတို့မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း (မြေကျေးရှင်း)ဝါဌာနတွင် လုပ်ကိုင်ခဲ့စဉ်ကာလက ဝါစိုက်ပျိုးသောနယ်မြေများတွင် ဝါစိုက်တောင်သူများသည် ပိုးသတ်ဆေးကို လက်စွဲထား၍ တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြပါသည်။ ယခုအခါ ပိုးသတ်ဆေးထက် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှုသည် အဓိကကျင့်သုံးလာကြပါပြီ။ သို့သော် ပိုးသတ်ဆေးသည် လက်လွှတ်၍မရသေး။ စုပ်ပိုးကကျန်နေသေးသည်။ စနစ်တကျနှင့် လိုအပ်ချိန် လိုအပ်သောဆေးပမာဏတော့ အသုံးပြုနေရသေးသည်။

ထိုစဉ်က ဝါစိုက်တောင်သူကြီးများသည် ဝါပင်အကြောင်း ကောင်းကောင်းသိကြသည်။ ဌာနဝန်ထမ်းများကလည်း အာပေါင်အာရင်းသန်သန်နှင့် ဝါတောင်သူနားလည်အောင်၊ နည်းပညာရှင်းပြတတ်ကြသည်။ တောင်သူကလည်း ဝါထွက်အောင် ဘယ်လိုလုပ်ပေးလိုက်လျှင်ရသည်ကို သိရှိကြသဖြင့် မြေပြုပြင်မှုမှအစ ကိုယ့်မြေ၊ ကိုယ့်ရေနှင့်ကိုက်ညီသောစိုက်နည်းမျိုးစုံကို အတွေ့အကြုံဖြင့် စိုက်ပျိုးကြသည်မှာ ဝါအဓိကတစ်အောင့်တစ်မ တစ်ခွင်တစ်ပြင် စိုက်ပျိုးကြသော စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးများတွင် တွေ့ခဲ့ရသည်။

ဝါစိုက်ချိန်မတိုင်ခင် ကျေးရွာများသို့ စက်မှုလယ်ယာမှ ထွန်စက်ကြီးများ တပ်ချီရောက်ရှိခဲ့ပြီ။ ထို့နောက် ဝါမျိုး၊ ဝါဆေး (ပိုးသတ်ဆေးကိုခေါ်သည်)၊ ဆည်မြောင်းမှ ရေစတင်ပေးပြီ။ ထို့နောက် ဝါဒိုင်များ၊ ဝါကြိတ်စက်များကလည်း နေ့ညလုပ်ငန်း မပြတ် ဖွင့်ကြ၊ လည်ကြ၊ သယ်ကြနှင့်ရှိနေပြီ။ ဝါတောင်သူများနှင့် ဆိုင်ရာ ဌာနဝန်ထမ်းများသည် ရွာထဲ၊ စိုက်ခင်း၊ စိုက်ကွင်းထဲ၌ အမြဲလိုလို နေ့ည သွားလာလှုပ်ရှားနေကြသည်။ စိုက်ချိန် မျိုးကောင်းမျိုးသန့်အချိန်မီရရေး မြေကျေးရှင်းမှ ဆောင်ရွက်ကြသည်။ ထွန်ယက်ရေးကို စက်မှုလယ်ယာ၊ ရေလာမှု ကို ဆည်မြောင်း၊ ဝယ်ယူကြိတ်ခွဲမှုကို မြေကျေးရှင်းမှ အပင်ဖြစ်တော့ ပိုးမွှားကာကွယ်ရေး ဆော်ဩပေးသည်။ ပိုးသတ်ဆေးနှင့် မြေဩဇာလည်း ရောင်းချပေးသည်။

ဝါပင်ကလည်း အရွက်ဖားဖား၊ စိုစိုစိမ်းစိမ်းနှင့်ဧကတစ်ခွင်တစ်ပြင်ဖြစ်၍ ပိုးအကြိုက်ဖြစ်သည်။ ဝါပင်တွင်ကျသော ပိုးမျိုးကလည်းစုံသည်။ အရွက်တွေချည်းရှိချိန်၊ ပိုးကအရွက်ကျ။ အပိန့်နှင့်အပွင့်ရှိလာတော့ အပိန့်နှင့်အပွင့်မှာကျ။ အသီးဖြစ်တော့ အသီးထိုးပိုးကျသဖြင့် ကောက်ချိန်ရောက်မှ ပိုးလွတ်တော့သည်။ ဝါပင်၏ ပုံသဏ္ဌာန်ကလည်း အခြားသောအပင်များထက် ပိုးကျချင်စရာဖြစ်နေသည်။ ဝါရွက်၊ ဝါညွန့်တို့က ပိုးကိုလာအောင် ဆွဲဆောင်နေကြသည့် အနေအထားရှိသည်။ ဝါသီးကလည်း ဝါပိုးအတွက် အစာကောင်း၊ ရသာချိုချို၊ ဝါသီးထဲပိုးဝင်ရောက်သွားလျှင် ဆေးဖျန်းရခက်ပြီ။ ဝါပင်၏ အပိန့်၊ အပွင့်၊ အသီးတို့သည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပွင့်မှု၊ သီးမှုမရှိကြဘဲ ဆင့်ကဲဆင့်ကဲ ဆက်တိုက်ဒလစပ်ပွင့်သီးနေကြ၍ ဝါခင်းမှန်သမျှ ဖျက်ပိုးအတွက် အစာမပြတ်သော ရိက္ခာအိုးကြီးဖြစ်နေပါသည်။ ဤအချက်များကြောင့် အခြားသောသီးနှံစိုက်ခင်းများထက် ဝါခင်းက ပို၍ ပိုးကျနေမှုဖြစ်သည်။

ဖြုတ်စိမ်းသည် အကောင်သေးငယ်၊ အရွယ်မကြီးသော အစိမ်းရောင်ဖျက်ပိုး။ အကောင်ကြီးတော့ အကောင်ပေါက်လာသည်။ ဝါပင်အကိုင်းနှင့်အရွက်အညှာတွင် ဥပေါင်း ၂၀၀ မှ ၃၀၀ ရာချီ အုတတ်သည်။ သုံးရက်မှလေးရက်၊ ငါးရက်ကြာလျှင် ဥမှ အကောင်ပေါက်ပြီ။ ၁၅ ရက်၊ ရက် ၂၀ ကြာလျှင် အကောင်ကြီးဖြစ်ပြီ။ ဝါခင်းကပေါင်းမြက်မရှင်း၊ ဝါခင်းဘေးတစ်ဝိုက်မှာ ခြုံတွေရှုပ်လျှင် အိမ်ဂေဟာသဖွယ် နေထိုင်မျိုးပွားကြသည်။ မိုးလေးအုံ့၊ တိမ်လေးထူ၊ နေကမပူလျှင်၊ ပိုးကျမှုများသည်မှာ ဖြုတ်စိမ်းဖြစ်သည်။ ဝါပင်၏အရွက်၊ အကိုင်း၊ အပွင့်အသီးတို့မှ သစ်ရည်စုပ်ယူသည်။ အရွက်မှအရည်စုပ်ခံရလျှင် အရွက်ဘေးနှုတ်ခမ်းတစ်လျှောက် ရွက်နားကုပ

စာ - ၇ သို့

**စာ – ၃ ပြည်ထောင်စုဝန်ကြီးမိန့်ခွန်း မှ**

အမယ်သစ်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်ရှာခြင်းတို့ကို အလေးထား ဆောင်ရွက်လျက် ရှိ။

ဒုတိယလိုအပ်ချက်ဖြစ်တဲ့ လယ်ယာထုတ်ကုန်များ ထုတ်လုပ်မှုစွမ်းအားနှင့် အရည်အသွေးမြင့်မားရေး၊ အန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် လယ်ယာသားငါး ထုတ်ကုန်များ ရေရှည်ထုတ်လုပ်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများ (GAP)၊ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် (GAHP) နဲ့ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ် (GAqP) များနှင့်အညီ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ။

ပြည်တွင်းပြည်ပဈေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေးကောင်းသော လယ်ယာ သားငါးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

တတိယအချက်ဖြစ်တဲ့ ငွေကြေးအရင်းအနှီး လိုအပ်ချက်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ခြင်း၊ အထောက်အကူပြု စက်ပစ္စည်း ကိရိယာများကို သမဝါယမဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ငွေကြေးအဖွဲ့အစည်းများ၏ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ရေး ဆောင်ရွက်ခြင်း၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ နှစ်စဉ်ချေးငွေ၊ နှစ်ဆင့်ချေးငွေအစီအစဉ်ဖော်ဆောင်ခြင်း စတဲ့ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် အထောက်အကူပြုသော အစီအစဉ်များဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလို။

ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းများသည် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်အပေါ် များစွာခြိမ်းခြောက်လျက်ရှိ။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေတဲ့ စိုက်ပျိုးနည်းစနစ်များကို အလေးထားကျင့်သုံးဆောင်ရွက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် စီမံခန့်ခွဲရေးအပါအဝင် ကမ်းရိုးတန်းသယံဇာတများ ကမ်းရိုးတန်းဂေဟစနစ်ရှိ ပင်လယ်နှင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရေး အကောင်အထည်ဖော်ခြင်းနည်းလမ်းတို့ကို လက်ခံကျင့်သုံး ဆောင်ရွက်ကြဖို့ တိုက်တွန်းလို။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ စားနပ်ရိက္ခာစနစ်ကို ပြောင်းလဲရေးဖော်ဆောင်ရာမှာ တီထွင် ဆန်းသစ်တဲ့ စိုက်ပျိုးရေးနည်းပညာ (Industrial Revolution 4.0 in Agriculture) ကို စတင်ကျင့်သုံးလျက် ရှိ။

ပြည်သူလူထုကို ဝန်ဆောင်မှုပေးတဲ့ မျိုးစေ့မှတ်ပုံတင်ခြင်း၊ မြေသြဇာနှင့် ပိုးသတ်ဆေး မှတ်ပုံတင်ခြင်းလုပ်ငန်းများနဲ့စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ထောက်ခံချက် ပေးခြင်းလုပ်ငန်းများကို Online စနစ်ဖြင့် လျင်မြန်စွာဆောင်ရွက်ပေးခြင်း၊ တောင်သူလယ် သမားများ၏ မေးမြန်းချက်များကို Call Center များဖြင့် ဖြေကြားပေးခြင်းတို့ကို ဆောင်ရွက် လျက် ရှိ။

နည်းပညာ၊ ဈေးကွက်နှင့် ဈေးနှုန်းသတင်းစီးဆင်းမှု မြန်ဆန်စေရေးနှင့် အစားအစာ ဘေးကင်းလုံခြုံရေးဆိုင်ရာ စိစစ်ထောက်ခံမှု အချက်အလက်များကိုအချိန်နှင့်တပြေးညီ သိရှိနိုင်ရန် ICT နဲ့ Digital နည်းပညာကို ယခုထက်ပို၍ ကျယ်ပြန့်စွာ အသုံးချနိုင်ရေး လိုအပ်။

လုပ်ကွက်ငယ်တောင်သူလယ်သမားများ မိသားစု စားဝတ်နေရေးအတွက် လုံလောက် သော ဝင်ငွေမရရှိခြင်းကြောင့် လယ်ယာလုပ်ငန်းကိုစွန့်ခွာပြီး မြို့ပြရှိ ဝန်ဆောင်မှု၊ ဆောက်လုပ်ရေးနှင့်စက်မှုလုပ်ငန်းများသို့ ပြောင်းရွှေ့ခြင်း၊ အခြားသောနိုင်ငံများသို့ ရွှေ့ပြောင်း လုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်နေကြခြင်းတို့ကြောင့် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ လယ်ယာကဏ္ဍ၌ လုပ်သားရှားပါးမှု အခက်အခဲများ ဖြစ်ပေါ်စေလျက် ရှိ။

ဒါ့ကြောင့် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် အခွင့်အလမ်းများရရှိရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေးနှင့် လယ်ယာစီးပွားအခြေခံကုန်ထုတ်စက်မှု လုပ်ငန်း (Agro-based industry) အဆင့်သို့ ပြောင်းလဲနိုင်ရန် လယ်ယာထွက်ကုန် အထူးပြု စက်မှုဇုန်များ တည်ထောင်နိုင်ရန် လိုအပ်။

လယ်ယာသားငါးထွက်ကုန်များကို ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချသည့်အဆင့်မှ စားသောက်ကုန်နှင့် ပြုပြင်ပြီးထုတ်ကုန်များကို ထုတ်လုပ်ရောင်းချနိုင်မည့်အထူးပြု စက်မှုဇုန် များ တည်ထောင်ကာ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလို။

မိမိတို့မြန်မာနိုင်ငံသည်စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်ရန် အရင်းအမြစ် ကောင်းများ ပြည့်စုံသော နိုင်ငံတစ်နိုင်ငံဖြစ်၍ ခေတ်အဆက်ဆက်က ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံပိုလျှံသဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ ကမ္ဘာ့နိုင်ငံများသို့ စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝ သစ်တောထွက်ကုန်များကိုတင်ပို့ရောင်းချနိုင်ခဲ့သည့် အစဉ်အလာရှိခဲ့။

လက်ရှိနိုင်ငံတော်အစိုးရ ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ စားနပ်ရိက္ခာဖူလုံရေး၊ လူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေးနှင့် ဒေသအချင်းချင်းကြား ဆင်းရဲ ချမ်းသာကွာဟမှု ကျဉ်မြောင်းရေးကို အလေးထားသည့်မူဝါဒကို ကျင့်သုံးလျက် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ် အောင်မြင်ရေးအတွက် လက်တွဲကြိုးပမ်းကြရန် အလေးအနက် တိုက်တွန်းပြောကြားလို။ ■



## ထန်းတပင်တွင် ဆင်းသုခစပါးစံကွက်ရိတ်သိမ်း

**ထန်းတပင် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေပေါ်သောင်ကျေးရွာတွင် စပါးစံကွက်ရိတ်သိမ်းခြင်းကို ၁၁.၁၀.၂၀၂၁ ရက် နံနက်ပိုင်းက တောင်သူ ဦးလှဝင်း၏ ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်း၌ ဆောင်ရွက်ရာ တစ်ဧက ၁၀၉ ဒသမ ၃၀ တင်း ထွက်ရှိပြီး မျိုးသန့်စပါးတစ်တင်းလျှင် ၇၅၀၀ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

**သိန်းဇေ**

**စာ – ၆ ဝါပင်နှင့်စုပ်ပိုး မှ**

လာသည်။ အပွင့်အပိန့်ပိုးကျလျှင် ကြွေပြီ။ လူတွေ့လျှင် မြေကြီးပေါ်ခုန်ချဆင်းသွားသည့်ပိုး၊ တစ်ခြား ဝါပင်ကိုရွှေ့သွားတတ်သည့်ပိုးဖြစ်သည်။ ဖျက်ပိုးဖြုတ်ကို ရှာဖွေဖမ်းဆီးစားသောက်သည်က ပင့်ကူနှင့် လိပ်ခုံးကျိုင်း ဖြစ်သည်။

စိမ်းဝါရောင်ရှိသော ပျပိုးကလည်း အကောင်သေး၊ အရွက်ငယ်၊ အကောင်ပျော့၊ လှုပ်ရှားမှုမြန်နှေးကွေးပြီး တွယ်ကပ်မိသော နေရာတွင် ငြိမ်သက်စုပွားနေတတ်သည်။ ပျပိုးကျလည်း အရည်စုပ်၍ အရွက်အောက်ဘက် ကုပ်သွားသည်။

ပျပိုးမှအချိုရည်ထုတ်သဖြင့် အချိုရည်ထဲတွင် ကြပ်ခိုးမှုပေါက်ပွားလာပြီး ခပ်မည်းမည်းအရောင်ဖြစ်သွားတတ်သည်။ မိုးရွာလာလျှင် ပျပိုးကျမှုသက်သာသွားသည်။ **သို့သော် ပျပိုးက ဒါကိုသိသည်။ အရွက်၏အပေါ်တွင်မနေတတ်။ အရွက်အောက်ဘက်တွင် နေထိုင်တတ်သဖြင့် မိုးဆိုလည်း သဲကြီးမဲကြီးရွာမှ ဆေးဖျန်းပြီဆိုလည်း အရွက်အောက် ရောက်အောင် ဖျန်းနိုင်မှာ ထိရောက်မှုရှိသည်။**

ဇီဝနည်းတွင် ပျပိုးကို ရှာဖွေစားသောက်နေကြသည်မှာ ဇာတောင်ပိုး၊ လိပ်ခုံးကျိုင်း၊ ဂျပိုးမျိုးရင်းဝင်၊ နဂျယ်မျိုးရင်းဝင် ကပ်ပါးများရှိသည်။ ဝါသီးကွဲချိန်ရောက်သော်လည်း ပိုးကမကင်းသေး။ ကျသော ပိုးကြောင့် ဂွမ်းမွေးအရောင် ပျက်စီးသည်။

ရွက်စားပိုးကျလျှင် ပိုးကျသည်နှင့် ပိုးသတ်ဆေးချက်ချင်း မဖျန်းမိရန် ဂရုပြုရမည်။

လော့ပိုးသည် ဝါပင်တွင် ကျရောက်မှုများပြားသည်။ ဝါပင်၏ရွက်နုများတွင် ကျတတ်သည်။ အဝါဖျော့ရောင်ရှိသော လော့ပိုးသည် အကောင်ငယ်ဘဝမှ အကောင်ကြီးအထိ အဆင့်လေးဆင့် ကူးပြောင်းသည်။ အဓိကမှာ အဆင့် ၂ ပိုးမည်ကောင်၊ အတောင်မပါသော ပိုးအရွယ် ဂရုပြုရသည်။ အရွက်အောက်ဘက်တွင် နေတတ်ပြီး ပိုးကျမှုများပါက ဝါရွက်ကြွေကျသည်။

ဝါရွက်လိပ်ပိုးသည် အရွက်အစွန်းပိုင်းကိုက်ဖြတ်၍ ပိုးကောင်မှထုတ်သော ပိုးချည်ဖြင့် အရွက်လိပ်ကာ ရွက်လိပ်ထဲဝင်ရောက်နေသဖြင့် ပိုးမတွေ့ရဘဲ အရွက်လိပ်ကို တွေ့ရမည်။ ပိုးကျမှုများလျှင် ဝါရွက်ကြွေကျသည်။ ငယ်စဉ်စုဝေးနေတတ်၍ ကြီးသော် တစ်ကောင်ချင်းခွဲထွက်နေတတ်သည်။ ဝါရွက်ကြွေများအောက်၊ ဝါပင်အောက်ခြေတွင်နေတတ်သည်။ ယင်ဖြူမွှားပင့်ကူနီလည်း ဂရုပြုရသည်။ ဝါသီးဖြစ်တော့ ဝါပိုးနီကျတတ်သည်။ ဝါဂွမ်းအရောင်ပျက်စေသည်။ မြေကြီးပေါ်ရှိ အမှိုက်များထဲနေတတ်သည်။ ဝါစေ့၊ ဝါသီးလည်း ကိုက်စားသည်။ ဝါပင်သည် ဖျက်ပိုးလည်း များများစားစားရှိသကဲ့သို့ မိတ်ဆွေပိုးလည်း အတူယှဉ်တွဲများများရှိတတ်သည်။ သားရဲကောင်၊ ကပ်ပါးမျိုးစိတ် ၁၀၀ ခန့်ရှိကြောင်း မှတ်တမ်းတင်ထားရှိသည်။ လိပ်ခုံးမိုး၊ ဇာတောင်ပိုး၊ နဂျယ်၊ ပင့်ကူ၊ ပျစားယင်၊ သားရဲဂျပိုး၊ မျက်လုံးကြီးဂျပိုးတို့သည် မိတ်ဆွေပိုးများဖြစ်သည်။ ပိုးသတ်ဆေးကို လိုအပ်မှ နောက်ဆုံး လက်မှတ်အဖြစ် သုံးသင့်ကြသည်။

**ကိုဘဇံ**

# ကမ္ဘောဒီးယားဩဂဲနစ်ဆန်များ တရုတ်နှင့် အခြားနိုင်ငံများက ပိုမိုဝယ်ယူမည်



ကမ္ဘောဒီးယားနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သောဆန်များကို တရုတ်နိုင်ငံက တိုးမြှင့်ဝယ်ယူရန် စီစဉ်ထားရာ ယခု ၂၀၂၁ ခုနှစ် ပထမရှစ်လတာကာလအတွင်း ဩဂဲနစ်ဆန်နှင့်အခြားဆန်တန်ချိန် ၁၆၅၆၁၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားလယ်ယာ၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန ထုတ်ပြန်သောသတင်းများတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အခြားပြည်ပနိုင်ငံများအပါအဝင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုမှာ ယခုနှစ်ပထမရှစ်လအတွင်း တန်ချိန် ၃၄၃၄၄၇ တန် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၂၉၂ သန်းခန့်ရရှိခဲ့ကြောင်း သိရသည်။ လောလောဆယ်တွင် ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့ခများ ဈေးကြီးမြင့်မှု၊ ကုန်တင်သင်္ဘောများ ပြေးဆွဲမှုလျော့နည်းခြင်းများ ကြုံတွေ့နေရသဖြင့် ကမ္ဘောဒီးယားဆန်များ ပြည်ပသို့တင်ပို့မှု ထိခိုက်လျက် ရှိနေသည်။

သို့ရာတွင် တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်များဝယ်ယူရာတွင် ထိပ်တန်းနိုင်ငံဖြစ်ရာ တစ်နိုင်ငံလုံး ဆန်ထွက်ရှိတင်ပို့မှု၏ ၄၈ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ဝယ်ယူခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ ထွက်ရှိသည့်ဆန်များကို နှစ်စဉ် ၄ ရာခိုင်နှုန်းပို၍ တိုးမြှင့်ဝယ်ယူသွားရန် စီစဉ်ထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ဆန်နှင့်စိုက်ပျိုးထွက်ကုန်များကို ကမ္ဘာ့နိုင်ငံပေါင်း ၆၀ နိုင်ငံနှင့် ဒေသအများအပြားဆီသို့ သင်္ဘောများဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။ ထိုသို့တင်ပို့မှုကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၃ ဘီလီယံခန့် ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်နှင့်စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပတင်ပို့မှုသည် ၂၀၂၁ ခုနှစ် ပထမရှစ်လတာကာလအတွင်း တန်ချိန်ပေါင်း ၅ ဒသမ ၅၄ သန်းရှိသည်။ ထိုသို့တင်ပို့နိုင်မှု ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပထမရှစ်လတာကာလကထက် ပြည်ပတင်ပို့မှု ၈၉ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့်လာခဲ့ခြင်း ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပြည်ပသို့အဓိကတင်ပို့သည့် စိုက်ပျိုးရေးထုတ်ကုန်များမှာ ဆန်၊ ရော်ဘာ၊ သရက်သီး၊ ငှက်ပျောသီး၊ စားအုန်းဆီစသည်တို့ဖြစ်သည်။ အဆိုပါသီးနှံထုတ်ကုန်များ တင်ပို့မှုမှာ ယခင်နှစ် အလားတူကာလကထက် နှိုင်းယှဉ်လျှင် ၁၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်လာခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် စပါးစိုက်ပျိုးမှုကို နိုင်ငံတစ်ဝန်း စိုက်ပျိုးကြသော်လည်း အဓိကအများဆုံးစိုက်ပျိုးသည့်ဒေသများမှာ ဘတ်တန်ဆန်၊ ကမ်ပေါင်ချမ်၊ ကမ်ပေါင်သန်၊ ကန်ဒယ်နှင့် ပါရေဗန်တို့ဖြစ်သည်။ နှစ်စဉ် ဇူလိုင်မှ ဒီဇင်ဘာလအတွင်း စိုက်ပျိုးရိတ်သိမ်းကြသလို နိုဝင်ဘာမှ ဖေဖော်ဝါရီလအထိလည်း စပါးစိုက်ပျိုးရိတ်သိမ်းလေ့ရှိကြသည်။

ကမ္ဘောဒီးယားမှထွက်ရှိသော ဩဂဲနစ်ဆန်များလို ပြီးခဲ့သည့်နှစ်က ဥရောပနိုင်ငံများနှင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ဆန်တန်ချိန် ၈၄၆၇ တန်ရှိခဲ့ရာ နောက်နှစ်များတွင်လည်း အရည် အသွေးမြင့်ဩဂဲနစ်ဆန်များ ပိုမိုဝယ်ယူရန်ရှိနေရာ ကမ္ဘောဒီးယားတောင်သူများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် အစိုးရကတွန်းအားပေးလျက်ရှိသည်။ **(ဘန်ကောက်ပို့စ်)**

**မိုးမြင့်လင်းလက်**

# ပြည်တွင်းကော်ဖီမစ်လုပ်ငန်း မြန်မာ့ကော်ဖီကုန်ကြမ်း သုံးစွဲရန် လိုအပ်



မြန်မာနိုင်ငံတွင် ကော်ဖီသီးနှံများကို မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြသည်။ တောင်ပေါ်ဒေသများဖြစ်ကြသည့် မိုးကုတ်၊ ပြင်ဦးလွင်၊ နောင်ချို၊ ရွာငံ၊ ဟိုပုံးစသည့်ဒေသများတွင် အများဆုံးစိုက်ပျိုးကာ ထွက်ရှိလာသော ကော်ဖီများကို အမေရိကန်၊ ရုရှား၊ ဂျပန်၊ ဂျာမနီနိုင်ငံများနှင့် အာဆီယံနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

**မြန်မာနိုင်ငံ ကော်ဖီမစ်လုပ်ငန်းရှင်များသည် ပြည်ပကော်ဖီများ တင်သွင်းသုံးစွဲနေရာမှ မြန်မာ့ကော်ဖီများကို ပိုမိုသုံးစွဲရန် လိုအပ်နေသည်။**

ကော်ဖီမစ်လုပ်ငန်းရှင်များက ကော်ဖီကို ပြည်ပကနေတင်သွင်းနေကြမည့် အစား ပြည်တွင်းဖြစ်ကော်ဖီများကို ပိုမိုသုံးစွဲလာရန် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများကလည်း လိုအပ်သည့် ပမာဏများ ထုတ်လုပ်ပေးနိုင်ရန်လည်း လိုအပ်ပေသည်။

ယခုနှစ်ကော်ဖီရာသီတွင် ထွက်ရှိသမျှ မြန်မာ့ကော်ဖီများကို ထိုင်းနိုင်ငံက ဝယ်ယူမှုများသဖြင့် ပစ္စည်းပြတ်လပ်မှုရှိခဲ့ပြီး ဈေးကောင်းရရှိ၍ ကော်ဖီကုန်သည်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

၂၀၁၈–၁၉ ခုနှစ်တွင် ကော်ဖီ တစ်တန်လျှင် ငွေကျပ် ၃၅ သိန်းမှ သိန်း ၄၀ ရှိခဲ့ရာမှ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် ကော်ဖီရာသီတွင်လည်း ဈေးကောင်းထပ်မံရရှိခဲ့ပြီး လက်ရှိအခြေအနေတွင် ကော်ဖီတစ်တန်လျှင် ငွေကျပ်သိန်း ၅၀ ခန့် ဈေးရရှိနေ၍ ကော်ဖီစိုက်တောင်သူများ အထွက်နှုန်းပိုမိုကောင်းမွန်လာစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့က ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံတွင် လက်ရှိကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမှာ လုပ်ကွက်ငယ် တောင်သူများကသာ စိုက်ပျိုးထုတ်လုပ်နေကြရာ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် စက်ယန္တရားကျယ်ပြန့်စွာသုံးစွဲလာနိုင်ရန်နှင့် နိုင်ငံတကာစံချိန်မီ ကော်ဖီရွေးချယ်ရာတွင် လူတို့၏လုပ်အားအစား ခေတ်မီစက်ပစ္စည်းများ အစားထိုးအသုံးပြုကာ ကော်ဖီအရည်အသွေးမြင့်တင်နိုင်မည်ဆိုပါက ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာကာ စီးပွားရေးတွက်ခြေကိုက်လာမည် ဖြစ်သည်။

ထို့ကြောင့် ကော်ဖီစိုက်တောင်သူကြီးများအနေဖြင့် မြန်မာ့ကော်ဖီအရည်အသွေးကောင်း ရရှိစေရန် ကော်ဖီမျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စိုက်စနစ်မှန်ကန်စွာ စိုက်ပျိုးခြင်း၊ ဒေသထွက်မြေဩဇာနှင့်ဓာတ်မြေဩဇာပေါင်းစပ်ကာ ကော်ဖီအရည်အသွေးကောင်းရရှိစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

မြန်မာ့ကော်ဖီများကို မလေးရှားနိုင်ငံ ကော်ဖီပြပွဲများတွင်လည်း သွားရောက်ပြသခဲ့ကြောင်း သိရှိရသည်။ မလေးရှားနိုင်ငံသည် နိုင်ငံခြားတိုင်းပြည်များမှ ကော်ဖီများကို နှစ်စဉ်ဝယ်ယူပြီးလျှင် ကော်ဖီကို အဆင့်မြင့်ထုတ်ကုန်များ၊ ကော်ဖီထုတ်ကုန်အမျိုးမျိုးအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်ပေးနေသော ကော်ဖီသီးနှံသည် (ဂျီအေပီ)စနစ်များနှင့် ကိုက်ညီပြီး အရည်အသွေးကောင်းမွန်နေစေရန် လိုအပ်ပါသည်။

မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်များအတွင်း ရပ်တည်ပေးနိုင်ရေးတို့ကို ကော်ဖီစိုက်တောင်သူများနှင့် ကော်ဖီလုပ်ငန်းရှင်ကြီးများကပါ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံကော်ဖီအသင်းသည် တစ်နှစ်ထက်တစ်နှစ် ကော်ဖီတန်ချိန်များ ပိုမိုထုတ်လုပ်ပေးနိုင်ရန်နှင့် အရည်အသွေးမြင့်မားကောင်းမွန်သည့် ကော်ဖီများ ထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက် ရှိနေသည်။ မြန်မာ့ကော်ဖီများကိုလည်း ပြည်ပနိုင်ငံများရှိ ကော်ဖီဖိုရမ်များတွင်လည်း ဝင်ရောက်ပြသသွားနိုင်ရန် စီစဉ်ပေးလျက်ရှိသည်။

ယခုအခါ မြန်မာ့ကော်ဖီစိုက်ပျိုးရေးကို (ဂျီအေပီ)စိုက်ပျိုးနည်းစနစ်များဖြင့် ဆောင်ရွက်စေပြီး (ဂျီအေပီ)လက်မှတ်များကိုပါ စိစစ်ထုတ်ပေးလျက်ရှိနေသည်။

**ရွှေမင်းအောင် (ကျောက်ပန်းတောင်း)**

ရွှေ့ဖုံး – စိုက်ပျိုးရေ မှ

၂၀၀၀ ပြည့်နှစ် စိုက်ပျိုးရာသီက စတင်၍ နှစ်စဉ်ဆည်ရေထုတ်လွှတ်ပေးလျက် ရှိရာ ဆည်ရေအဝင်အလွန်နည်းပါးခဲ့သည့် ၂၀၂၀–၂၀၂၁ စိုက်ပျိုးရာသီတစ်နှစ်မှအပ ကျန်နှစ်များတွင် နွေစပါးစိုက်ပျိုးဧက ပျမ်းမျှ နှစ်သောင်းခွဲမှ သုံးသောင်းကျော်အထိ ဆည်ရေဖြန့်ဝေပေးနိုင်ခဲ့သည်။

၂၀၂၀–၂၀၂၁ ခုနှစ်က ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေပေးဝေနိုင်ခြင်း မရှိခဲ့သော်လည်း ငမိုးရိပ်ချောင်းဘေးဝဲ/ယာရှိ ချောင်းနှင့်နီးစပ်သောနေရာများတွင် ကိုယ်ပိုင်ရေစုပ်စက်များဖြင့် စုပ်တင်ခြင်း၊ အချို့က အဝီစိတွင်းတူး၍ စိုက်ပျိုးခြင်းတို့ကြောင့် အဆိုပါနှစ်၌ပင် နွေစပါး ၃၅၃၁ ဧက စိုက်ပျိုးနိုင်ခဲ့သေးသည်။

ပုံမှန်အားဖြင့်ဆိုလျှင် လှည်းကူးမြို့နယ်တွင်းရှိ လယ်မြေ ၃၃၀၁၄ ဧကနှင့် ဒဂုံမြို့သစ်(အရှေ့)မြို့နယ်ရှိ လယ်မြေ ၈၃၈ ဧက၊ စုစုပေါင်း ၃၃၈၅၂ ဧကကို နှစ်စဉ် စိုက်ပျိုးရေပေးဝေနေခြင်း ဖြစ်သည်။

လက်ရှိတိုင်းတာရရှိချက်အရ ၂၀၂၁–၂၀၂၂ စိုက်ပျိုးရာသီတွင် မိုးရွာသွန်းမှု ကောင်းမွန်ခဲ့သဖြင့် ငမိုးရိပ်ရေလှောင်တမံကြီး အတွင်း၌ ၁၈၈၀၀ ပေ၊ တမံကြီး၏အထက်ရှိ ငမိုးရိပ်ရေကူတမံနှစ်ခုဖြစ်သည့် မဟူရာရေလှောင်တမံ၌ ၅၃၉၉၂ ဧကပေနှင့် ပေါင်းလင်းရေလှောင်တမံ၌ ၁၁၆၁၅၈ ဧကပေတို့ သိုလှောင်ထားနိုင်ခဲ့ရာ စုစုပေါင်း သိုလှောင်ထားရှိရေဧကပေ ၃၅၈၁၅၀ ရှိနေပြီဖြစ်၍ ၂၀၂၁–၂၀၂၂ ခုနှစ်အတွက် နွေစပါးလျာထားဧက ၃၀၆၇၂ အတွက် စိုက်ပျိုးရေနှင့် ရန်ကုန်မြို့တော်အတွက် သောက်သုံးရေ နေ့စဉ်ဂါလန်သန်း ၁၂၀ ကို လုံလောက်စွာပေးဝေနိုင်မည် ဖြစ်သည်။


ငမိုးရိပ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေ ဖြန့်ဝေပေးနေသည့်မြောင်းကြီး ဓာတ်ပုံ–ဆ/မဦးစီး


ငမိုးရိပ်ရေလှောင်တမံ ရေထိန်းတံခါးမြောင်းကြီး ဓာတ်ပုံ–ဆ/မဦးစီး

ငမိုးရိပ်ရေလှောင်တမံတွင် တမံတည်ဆောက်ခြင်း၊ တမံနှင့်ဆက်စပ်အဆောက်အအုံဖြစ်သည့် ရေပိုလွှဲတည်ဆောက်ခြင်း လုပ်ငန်းများနှင့်လည်း လယ်ယာမြေများ ရေပေးဝေရေးအတွက် ရေမြောင်းနှင့်တူးမြောင်း အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး မြို့ရေပေးဝေရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်မြို့တော်သောက်သုံးရေပေးဝေရေးအတွက် စိုက်ပျိုးရေကဲ့သို့ပင် သီးခြားရေထုတ်ပေါက်တစ်ခု တည်ဆောက်ထားကာ ပင်မတမံကြီးမှ ၁၆ မိုင်ခန့်အရောက် လက်ယာမြောင်း၊ လက်ဝဲမြောင်းဆုံရာနေရာတွင် လက်ယာမြောင်းအခြမ်းဘက်မှ အထရွာ ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်)သို့ ၁၄ မိုင်ခန့် Open Channel ရေမြောင်းကြီးဖြင့် သွယ်တန်းရောက်ရှိသွားသည်။

ထိုမှတစ်ဆင့် အချင်းလေးပေ ပိုက်လိုင်းဖြင့် ရန်ကုန်မြို့တွင်းသို့ ဆက်လက်ပို့လွှတ်ပေးသည်။

ထို့ပြင် မူလ စတင်လျာထားစဉ်က မြို့တော်သောက်သုံးရေဂါလန်သန်း ၉၀ ခန့်သာလျာထားခဲ့သော်လည်း ယခုအခါ ဂါလန်သန်း ၁၂၀ အထိ နေ့စဉ်တိုးမြှင့် ထုတ်လွှတ်ကာ လှော်ကားကန်ရေသန့်စင် စက်ရုံသို့ပါ အားဖြည့်ဖြန့်ဝေပေးလျက် ရှိသည်။

ထို့ကြောင့် ငမိုးရိပ်ရေလှောင်တမံကြီးသည် လယ်ယာမြေဧက ၃၃၈၅၂ ကို စိုက်ပျိုးရေပေးဝေလျက်ရှိသဖြင့် စိုက်ပျိုးထုတ်လုပ်မှုအထောက်အကူပြုကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းဖြည့်ဆည်းပေးနိုင်သည်သာမက မြို့တော်နေလူထုအတွက် သောက်သုံးရေဂါလန်သန်း ၁၂၀ နေ့စဉ်ပေးဝေနေသည့် အသက်သွေးကြော သဖွယ် ရေလှောင်တမံကြီး ဖြစ်ပေသည်။

မြတ်စိုး (လှိုင်)



# တနင်္သာရီ ကမ်းနီးကမ်းဝေ

**ကျောဖုံး – တနင်္သာရီ မှ**

ရေယာဉ်များဖြင့်လည်းကောင်း၊ ကျားပိုက်၊ ဝေါဖောင်များဖြင့်လည်းကောင်း ဖမ်းဆီးကြကာ၊ မွေးမြူရေးအနေဖြင့် ကကတစ်ငါး



ပင်လယ်ရေထွက်ကုန်ရောင်းဝယ်ရေးဈေးကွက်မြင်ကွင်း

အား လှောင်အိမ်စနစ် (Cage Cultrue)ဖြင့် မွေးမြူခြင်း၊ ကမ်းခြေသောင်စပ်တွင် ဂျင်းခရု မွေးမြူခြင်း၊ သိပ္ပံနည်းကျ ရေငန်ပုစွန်မွေးမြူနည်းဖြင့် မွေးမြူခြင်းတို့ဆောင်ရွက်လျက် ရှိကြသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းကွက် ၅၂ ကွက်ရှိကာ ၎င်းတို့အနက်မှ ငါးဖမ်းကွက်အမှတ် (F-13, F-14, F-20, F-21)(4) ကွက်ကို ငါးမဖမ်းရဇုံဧရိယာ၊ တားမြစ်ငါးဖမ်းကွက်အဖြစ် သတ်မှတ်ထားသည်။

**ကမ်းဝေးငါးဖမ်း**လုပ်ငန်းတွင် ဂရန်ကြီးငါးဖမ်း ရေယာဉ်(T) နှင့် ဒေသခံကမ်းဝေး (TR)ဟူ၍ နှစ်မျိုးရှိသည်။ မြိတ် ခရိုင်အခြေပြု ဂရန်ကြီး ကမ်းဝေးငါးဖမ်းရေယာဉ် (T) များတွင် တရွတ်ဆွဲ ၇၃၃စီး၊ ဝိုင်းချုပ် ၉၂ စီး၊ မြုံးငါး ၁၄ စီး၊ မြုံးကဏန်း ရှစ်စီး၊ ကင်းမွန် ၁၆ စီးနှင့် မျှောပိုက် နှစ်စီးစုစုပေါင်း ၈၆၅စီးရှိကာ ဒေသခံကမ်းဝေး (TR)တွင် ကင်းမွန် ၈၈ စီး၊ ဝိုင်းချုပ် ၁၀၃ စီး၊ မြုံးငါး ၃၂ စီး၊ မြုံးကဏန်း ၁၆ စီး၊ မျှောပိုက် ခြောက်စီး၊ ငါးမျှားတန်း သုံးစီး စုစုပေါင်း ၁၂၁၃ စီးရှိသည်။ ကမ်းဝေး ငါးသယ်ရေယာဉ်ပေါင်း ၃၉ စီး ရှိသည်။

ကမ်းဝေးငါးဖမ်း ရေယာဉ်နှင့် ငါးသယ်ရေယာဉ်ဟူ၍ ခွဲခြားထားပြီး ဂရန်ကြီး ငါးဖမ်းရေယာဉ်ကို လိုင်းကာ ဖောင်းရစ်အား အနီရောင်ဖြင့်လည်းကောင်း၊ ဒေသခံကမ်းဝေး (TR) ငါးဖမ်းရေယာဉ်များကို လိုင်းကာ ဖောင်းရစ်တွင် အနီရောင်တဝက် (လှေအလျား၏တဝက်) သတ်မှတ်ထားသည်။ ကမ်းဝေးငါးသယ်ရေယာဉ်၏ လိုင်းကာ ဖောင်းရစ်မှာ အဖြူရောင် သတ်မှတ်ထားကာ လှေကိုယ်ထည်၏ ကျန်နေရာများကို ရေယာဉ်ပိုင်ရှင်၏ ကြိုက်နှစ်သက်ရာဆေးရောင်ဖြင့် ဆောင်ရွက်နိုင်သည်။

ကမ်းဝေးကင်းမွန် ရေယာဉ်ငယ်များတွင် ရေလုပ်သားအနည်းဆုံးငါးဦးပါရှိပြီး တရွတ်ဆွဲငါးဖမ်းရေယာဉ်များတွင် ရေလုပ်သားအနည်းဆုံး ၁၈ ဦး ပါရှိပါသည်။

ဂရန်ကြီးဝိုင်းချုပ်ငါးဖမ်းရေယာဉ်များတွင်တစ်စီးလျှင် ရေလုပ်သား ၅၀ ဦးဝန်းကျင် အထိပါရှိသည်။

မြိတ်ခရိုင်အခြေပြုကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များရှိ ရေလုပ်သားစုစုပေါင်းမှာ ယခုအခါ ၃၇၈၀၁ ဦးအထိ ရှိသည်။

မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်း ရေပြင်အတွင်း ငါး၊ ပုစွန်ပေါက်ပွားသည့်ရာသီချိန်တွင် ငါးနှင့်သက်ရှိသယံဇာတများအား ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၁၃–၂၀၁၄ခု၊ ငါးဖမ်းရာသီမှစ၍ ငါးမဖမ်းရရာသီ (Closed Season)၊ ငါးမဖမ်းရဇရိယာ (Closed Area) များ သတ်မှတ်ဆောင်ရွက်ခဲ့ရာ နှစ်စဉ်ကွာခြားမှုအနည်းငယ်ရှိခဲ့သည်။

၂၀၁၃–၂၀၁၄ခုနှစ်၊ ဧပြီ ၁ရက်မှစ၍ မေ ၃၁ ရက်အထိ နှစ်လအားငါးဖမ်းဆီးခွင့်ပြုစီးရေ ၆၅ ရာခိုင်နှုန်း၊ ရပ်နားစီးရေ ၃၅ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၄–၂၀၁၅ခုငါးဖမ်းရာသီတွင် ဇွန် ၁ ရက်မှစ၍ ဩဂုတ် ၃၁ ရက်အထိ သုံးလအား ငါးဖမ်းဆီးခွင့်ပြုစီးရေ ၅၀ ရာခိုင်နှုန်း၊ ရပ်နားစီးရေ ၅၀ ရာခိုင်နှုန်း ရှိခဲ့သည်။ ၂၀၁၅–၂၀၁၆ခုငါးဖမ်းရာသီတွင် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ သုံးလတွင် ငါးဖမ်းဆီးခွင့်ပြုစီးရေ ၄၀ ရာခိုင်နှုန်း ရပ်နားစီးရေ ၆၀ ရာခိုင်နှုန်း၊ ၂၀၁၆–၂၀၁၇ခု ငါးဖမ်းရာသီတွင် မေ ၁ ရက်မှ ဇူလိုင် ၃၁ရက်အထိ သုံးလအား ငါးဖမ်းဆီးခွင့်ပြုစီးရေ ၃၀ ရာခိုင်နှုန်း ရပ်နားစီးရေ ၇၀ ရာခိုင်နှုန်း၊ ၂၀၁၇–၂၀၁၈ခု ငါးဖမ်းရာသီတွင် မေ ၁၆ ရက်မှ ဩဂုတ် ၁၅ရက်အထိ သုံးလအား ငါးဖမ်းဆီးခွင့်ပြုစီးရေ ၂၀ ရာခိုင်နှုန်း၊ ရပ်နားစီးရေ ၈၀ ရာခိုင်နှုန်း၊ ၂၀၁၈–၂၀၁၉ခုနှစ်နှင့် ၂၀၁၉–၂၀၂၀ခု ငါးဖမ်းရာသီနှစ်များတွင် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ သုံးလအား ပြည်တွင်း၊ ပြည်ပကမ်းဝေး ငါးဖမ်းရေယာဉ်များအားလုံး ရပ်နားခဲ့သည်။



ဒေသခံကမ်းဝေး(T)မျိုးငါးဖမ်းရေယာဉ်



# ငါးမွေးမြူရေး တန်

ငါးလုပ်ငန်းဦးစီးဌာနသည် နိုင်ငံတကာစံနှုန်းဖြစ်သည့် ငါးကန်တစ်ဧကလျှင် ငါးပိဿာချိန် ၃၀၀၀ ထွက်ရှိရေးအတွက် လိုအပ်သည့် နည်းပညာများနှင့် ငါးသားဖောက်များကို ပံ့ပိုးပေးသွားမည်ဟု သိရသည်။

"မွေးမြူရေးအတွက် တစ်ဧကထုတ်လုပ်မှုတိုးမြှင့်ပြီး ဝင်ငွေတိုးတက်စေဖို့ တန်ဖိုးမြင့်ထုတ်ကုန်တွေ ပြောင်းလဲလုပ်ကိုင်နိုင်အောင် ဌာနက ကူညီပေး... မှာ ဖြစ်ပါတယ်။ တစ်ဧ... ထွက်လာမည့် ပိဿာ ၃၀၀... ငါးမြစ်ချင်းအစား ငါးမြင်... ငါးတန်တို့မွေးမယ်ဆိုရင် ကြ... ချိန်တူပေမယ့် ဝင်ငွေချင်း... တော့ဘူး"ဟု တွံတေးငါး... ကျောင်းအုပ်ကြီး ဒေါ်မိုးသူဇာ... က ရှင်းပြသည်။

လက်ရှိ ရန်ကုန်၊ ဧရာ... နှင့် ပဲခူးတိုင်းဒေသကြီးမှ...

# ဝး ရေလုပ်ငန်းစီးပွားရေး


၂၀၂၀-၂၀၂၁ ခုနှစ် ငါးဖမ်းရာသီနှစ်တွင်လည်း မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ငါးမဖမ်းရရာသီအဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အခြေပြု ငါးဖမ်းရေယာဉ်များ အားလုံး ရပ်နားခဲ့သည်။

**သို့သော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် COVID-19 ကပ်ရောဂါကြောင့် ရေလုပ်ငန်းရှင်များ ဖြစ်ပေါ်ခဲ့သော အခက်အခဲများအား ပြန်လည်ကုစားနိုင်ရေး၊ ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရေး၊ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး၊ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရေး၊ ပြည်တွင်းငါးရိက္ခာဖူလုံစေရေး၊ ရေယာဉ်များပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်သော ရေလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းအမြန်ဆုံး ပြန်လည်ရရှိစေရေးနှင့် ၎င်းတို့အပေါ် မှီခိုနေသော မိသားစုဘဝ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိစေရေးတို့အတွက် ငါးဖမ်းရာသီကာလကို ၂၀၂၁ ခုနှစ်တွင် မေ၊ ဇွန်၊ ဇူလိုင် သုံးလပိတ်ပင်ထားခြင်းကို ဖြေလျှော့၍ လိုင်စင်ရယူလုပ်ကိုင်နေသော လုပ်ငန်း အမျိုးအစားအလိုက် ရေယာဉ်စီးရေ၏ ၅၀ ရာခိုင်နှုန်းကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်အတွင်း ဖမ်းဆီးခွင့်အား ဇူလိုင် ၁၃ရက်မှ စတင်ကာ ပြန်လည်ခွင့်ပြုခဲ့သည်။**

ထိုသို့ ခွင့်ပြုချက်အရ မြိတ်ခရိုင် အခြေပြုကမ်းဝေး ငါးဖမ်းရေယာဉ်များအနက် လုပ်ငန်းအမျိုးအစားလိုက် တရွတ်ဆွဲ ၃၇၆ စီး၊ မျှောပိုက် ၁၂ စီး၊ ကင်းမွန်သုံးစီး၊ မြုံးငါး ၂၁ စီး၊ မြုံးကဏန်းငါးစီးစုစုပေါင်း ၄၁၇ စီးကို ငါးဖမ်းဆီးခွင့်ပြုခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ အစီအမံဖြင့် ရေလုပ်သားများအား COVID-19 ကာကွယ်ဆေးများ ဦးစားပေးအစီအစဉ်ဖြင့် ထိုးနှံပေးခဲ့သဖြင့် ရေလုပ်သားများ အနေဖြင့် ကျန်းမာရေးကောင်းမွန်စွာဖြင့် ငါးဖမ်းလုပ်ငန်းခွင်ဝင်ရောက်နေကြပြီ ဖြစ်သည်။

ဖမ်းဆီးရမိသည့်ရေထွက်ပစ္စည်းများကို ညွှန်ကြားချက်များနှင့်အညီ မြိတ်စစ်ဆေးရေး စခန်း (OSS)အဖွဲ့ ့စုံ ၏ စစ်ဆေးမှု ခံယူ၍လည်းကောင်း၊ ပင်လယ်ပြင် ငါးကဲ့ကာကော့သောင်းမြို့တွင် သတ်မှတ်အခွန်များ ပေးဆောင်၍ ကော့သောင်းစစ်ဆေးရေးစခန်း (OSS)အဖွဲ့၏ စုံစစ်ဆေးမှုခံယူ၍လည်းကောင်း၊ ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ တင်ပို့ရောင်းချကြသည်။

ပင်လယ်ပြင်တွင် ဖမ်းဆီးရမိသော ငါးပုစွန်များတွင် ငါးမုတ်ဖြူ၊ ငါးပုတ်ခြောက်၊ ကက္ကူရုံငါး(ခ)ငါးကျွဲရင် (ဒေသအခေါ်) ငါးပါးနီစသည့်သုံးမျိုးမှာ ဈေးကောင်းရသည့်ငါးများဖြစ်ပြီး ဒေသဈေးကွက်၌ပင် တစ်ကီလိုလျှင် ငါးမုတ်ဖြူမှာ ကျပ်နှစ်သောင်းကျော် ကက္ကူရုံငါးမှာ ကျပ်တစ်သောင်းလေးထောင်နှင့် ငါးပါးနီမှာ ကျပ် ၇၀၀၀ ဝန်းကျင်ရှိသည်။



ငါးဖမ်းရေယာဉ်မှ ကုန်ချနေစဉ်။

ပင်လယ်ပုစွန်များလည်း ဖမ်းဆီးရမိကာ ကျောက်ပုစွန်မှာ ဈေးအကောင်းဆုံးဖြစ်သည်။ ကျောက်ပုစွန်အသေး အရွယ်အစားအလိုက် တစ်ကီလိုလျှင် ကျပ် ၂၀၀၀၀ မှ ၃၀၀၀၀၊ အရှင်ဈေးမှာ ကျပ် ၃၀၀၀၀ မှ ကျပ် ၅၀၀၀၀ အထိ ဈေးရှိသည်။

ပင်လယ်ပြင်တွင် အများဆုံး ဖမ်းဆီးရမိသည့်ငါးများမှာ ကဗျက်ငါးရုံ့၊ ငါးခွေးလျှာ၊ ငါးနီနှင့် ငါးပုလွေတို့ဖြစ်ကြသော်လည်း ငါးမုတ်ဖြူ၊ ကက္ကူရုံနှင့် ငါးပါးနီတို့လောက် ဈေးကောင်းမရဘဲ တစ်ကီလိုလျှင် ကျပ် ၁၀၀၀ မှ ၁၂၀၀ ကျပ်သာရကြသည်။ **ရန်ကင်း (ငါးဦးစီး)**



# ဖိုးမြင့်ထုတ်ကုန်များ ပြောင်းလဲထုတ်လုပ်ရေး

သွား
တက
ကို
းတို့
ာမြင့်
မတူ
သိပ္ပံ
မောင်
၀တီ
ျားရှိ

ငါးမွေးမြူရေးလုပ်ငန်းများမှ တစ်ဧက ကုန်ချိန် ၃၀၀၀ ပိဿာ ထွက်ရှိသောလည်း ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တချို့တွင် ပိဿာ ၃၀၀ မှ ၁၂၀၀ ခန့် ထွက်ရှိကြသည်ဆို၏။

"တစ်ဧက ကုန်ချိန် ပိဿာ ၃၀၀၀ ထွက်ရှိဖို့ဆိုတာ ရေမြေအနေအထားကောင်းဖို့ လိုပါတယ်။ ကချင်၊ ချင်းနဲ့ကယားပြည်နယ်တွေမှာဆိုရင် တစ်နှစ်လုံးရေမရတဲ့အတွက် အဲဒီလိုထွက်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ထွက်ရှိလာတဲ့ကုန်ချိန်ကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်မယ်ဆိုရင်တော့ ထုတ်လုပ်မှုနည်းပေမယ့် ဝင်ငွေတိုးတက်လာမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်ရှင်းပြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသနှင့်ကိုက်ညီသော ငါးမျိုးများရရှိစေရန်နှင့် တန်ဖိုးမြင့်ငါးမျိုးများရရှိစေရန် တစ်နိုင်ငံလုံးရှိ ငါးသားဖောက်စခန်း ၂၇ ခုမှ ထုတ်လုပ်ပေးသွားမည်ဖြစ်ရာ ငါးသားဖောက်စခန်းများတွင် GAqP ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။ ထို့ပြင် တိုင်းရင်းငါးမျိုးများ မပျောက်ကွယ်စေရန် သုတေသနအင်းများပြုလုပ်ကာ ဆောင်ရွက်လျက်ရှိပြီး မြစ်ချောင်းအင်းအိုင်များအတွင်းသို့ ငါးမျိုးများ နှစ်စဉ်စိုက်ထည့်ပေးလျက် ရှိသည်။

မွေးရေလုပ်ငန်းများတွင် အဓိကလိုအပ်လျက်ရှိသော မွေးမြူရေးပညာရှင်များ ပေါ်ထွက်လာစေရန်အတွက်လည်း မွေးမြူရေးဒီပလိုမာသင်တန်းကို တွံတေးငါးသိပ္ပံကျောင်းနှင့် ငါးသိပ္ပံကျောင်းကြို့ကုန်းတို့တွင် လာမည့်နှစ်တွင် စတင်ဖွင့်လှစ် သင်ကြားမွေးထုတ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

**ဇော်လင်းထွန်း**



# တောင်ကိုရီးယားပြည်တွင်းဆန် ထုတ်လုပ်မှုတိုးတက်သော်လည်း ပြည်ပမှဝယ်ယူနေရဆဲ



တောင်ကိုရီးယားနိုင်ငံသည် ပြည်တွင်း၌ ဆန်စိုက်ပျိုးထုတ်လုပ်မှု တိုးမြင့်လာသော်လည်း ပြည်ပမှ ဆန်တင်သွင်းမှုရှိနေဆဲဖြစ်ကြောင်း တောင်ကိုရီယားနိုင်ငံ လယ်ယာ စိုက်ပျိုးရေးထုတ်လုပ်မှုအဖွဲ့မှ ပြောကြားသည်။ တောင်ကိုရီးယား နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ဆန်တန်ချိန် ၃ ဒသမ ၈၆ သန်းအထိ တိုးမြင့်လာပြီး တစ်နိုင်ငံလုံး ဆန်စိုက်ပျိုးထုတ်လုပ်မှု သုံးရာခိုင်နှုန်းခန့်အထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားသည်။

သို့သော်လည်း ယခု ၂၀၂၁ ခုနှစ် ဒုတိယနှစ်ဝက်ကာလအတွင်း ဆန်စပါးစိုက်ပျိုးမှုမှာ ကိုဗစ် – ၁၉ ကြောင့် ကျဆင်းခဲ့ရပြီး အထွက်နှုန်းလည်း ကျဆင်းခဲ့ကြောင်း သိရသည်။ ထို့ပြင် စပါးစိုက်ပျိုးနိုင်မှုဧကမှာလည်း အနည်းငယ် ကျဆင်းခဲ့ရာ စုစုပေါင်း စိုက်ဧက၏ ၃ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။ ယင်းမှာ ယခင်နှစ် အလားတူကာလထက် လျော့နည်းခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြည်ပမှ ဆန်တင်သွင်းမှု တန်ချိန် ငါးသိန်းခန့်ရှိပြီး ယခင်ဘဏ္ဍာရေးနှစ်ကာလထက် အနည်းငယ် ပိုမိုမြင့်တက်ခဲ့သည်။ ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ပြည်တွင်းစပါးစိုက်ပျိုးထုတ်လုပ်နိုင်မှု အနည်းငယ်တိုးမြင့်လာခဲ့သော်လည်း ပြည်ပမှဆန်တင်သွင်းမှု ရှိနေဆဲဖြစ်ရာ ပြည်တွင်း၌ ဆန်ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးစား လျက်ရှိသည်။

ကိုဗစ် – ၁၉ ကြောင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့သောနိုင်ငံများ ထိခိုက်မှုရှိနေရာ ဆန်စပါးမျိုးစိတ်သစ်များ အထွက်တိုးနည်းလမ်းသစ်များကို သုတေသနပညာရှင်များက ရှာဖွေစမ်းသပ်စိုက်ပျိုးလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးဧကမှာ အကန့်အသတ်ရှိနေရာ မျိုးကောင်းစပါးနှင့်အထွက်တိုးနှုန်းတိုးမြင့်သည့် မျိုးများကိုသာ ရွေးချယ်စိုက်ပျိုးလျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် အဓိကအားဖြင့် ဗီယက်နမ်နိုင်ငံမှ ဆန်ကို တင်သွင်းရလျက်ရှိရာ ပြီးခဲ့သည့်နှစ်က ဆန်တန်ချိန် ၅၅၁၁၂ တန်ကို တင်သွင်းခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့နိုင်မှုကြောင့် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၇ ဘီလီယံရရှိခဲ့ရာ ၂၀၁၉ ခုနှစ်ကထက် ၇ ဒသမ ၇ ရာခိုင်နှုန်း ပြည်ပဝင်ငွေ တိုးမြင့်ရရှိခဲ့သည်။ လယ်ယာစိုက်ပျိုးရေးထုတ်ကုန် အစားအစာများ ပြည်ပဈေးကွက်သို့ တင်ပို့မှုအနက် အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့နိုင်မှုကြောင့် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# သကြားထုတ်လုပ်မှု နည်းပညာသစ်များ တရုတ်အသုံးပြု

တရုတ်နိုင်ငံ သကြားထုတ်လုပ်တင်ပို့မှုကို ၂၀၂၁ ခုနှစ်ကုန်တွင် စုစုပေါင်း မက်ထရစ်တန် ၁၁ သန်းကျော် တင်ပို့နိုင်ရေး ကြိုးစားလျက်ရှိရာ ပြီးခဲ့သည့် ၂၀၁၉–၂၀၂၀ ခုနှစ်အတွင်း သကြားမက်ထရစတန် ၁၀ ဒသမ ၂ သန်းထက် ပိုမိုတင်ပို့နိုင်ရေး မျှော်မှန်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ကြံစိုက်ပျိုးပြီး သကြားထုတ်လုပ်မှုတွင် ဘရာဇီးနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် ကမ္ဘာ့တတိယအများဆုံး ထုတ်လုပ်တင်ပို့သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ၂၀၁၉–၂၀၂၀ ခုနှစ်ကာလ က သကြားထုတ်လုပ်တင်ပို့မှု မက်ထရစ်တန်ချိန် ၂၉ ဒသမ ၉၃ သန်း တင်ပို့ခဲ့ပြီး ၂၀၂၀–၂၀၂၁ ခုနှစ်တွင် သကြားမက်ထရစ်တန်ချိန် ၄၂ သန်းကျော် ပိုမိုတင်ပို့နိုင်မည်ဟု မျှော်မှန်းထားသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၉–၂၀၂၀ ခုနှစ်က သကြားထုတ်လုပ်မှု မက်ထရစ်တန်ချိန် ၂၈ ဒသမ ၉ သန်းတန်ရှိခဲ့ပြီး ကမ္ဘာ့သကြားထုတ်လုပ်မှု၏ ၁၇ ရာခိုင်နှုန်းရှိခဲ့သည်။ တရုတ်နိုင်ငံသည် ယခုနှစ်တွင် သကြားထုတ်လုပ်မှုကို ယခင်နှစ်ကထက် မက်ထရစ်တန်ချိန် ၁ ဒသမ ၉၅ သန်းတန် ပိုမိုထွက်ရှိရေး ကြိုးစားလျက်ရှိသည်။

တရုတ်နိုင်ငံတွင် ဂေါင်စီပြည်နယ်သည် ကြံစိုက်ပျိုးပြီး သကြားထုတ်လုပ်ရာဒေသဖြစ်၍ တရုတ်တစ်နိုင်ငံလုံး၏ ကြံစိုက်ပျိုးမှုနှင့် သကြားထုတ်လုပ်မှု၏ ၆၅ ရာခိုင်နှုန်းခန့်ရှိသည့် ပြည်နယ်တစ်ခုလည်းဖြစ်သည်။ တရုတ်နိုင်ငံတွင် အခြားနိုင်ငံများနည်းတူ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်သားရှားပါးမှုများနှင့်ကြုံတွေ့နေရသော်လည်း စက်ကိရိယာများ အစားထိုးအသုံးပြုခဲ့သဖြင့် စိုက်ပျိုးရေးကဏ္ဍအရှိန်အဟုန်မပျက် ထိခိုက်မှုကြီးကြီးမားမားမရှိခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတောင်ပိုင်းပြည်နယ်များဖြစ်သည့် ဂေါင်စီး၊ ယူနန်ပြည်နယ်နှင့် ဟိုင်နန်ပြည်နယ်၊ တရုတ်နိုင်ငံ မြောက်ပိုင်းပြည်နယ်ဖြစ်သည့် ဂေါင်ဒုန်တွင် ကြံကို အဓိကစိုက်ပျိုးကြသည်ဖြစ်ရာ တရုတ်အစိုးရကလည်း လိုအပ်သည်များကို ထောက်ပံ့ဖြည့်ဆည်းပေးလျက် ရှိသည်။

ကြံစိုက်ပျိုးရေးလုပ်ငန်းတွင် ခေတ်မီနည်းပညာများ ပေါင်းစပ်အသုံးပြုနိုင်ရေး၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းရေး၊ လိုအပ်သည့်မြေဆီဩဇာများ အချိန်မီထည့်သွင်းနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ပိုမိုကောင်းမွန်စွာ စိုက်ပျိုးနိုင်ရေး၊ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ရေးကို လျင်မြန်စွာ ဖြည့်ဆည်းပေးပြီး တရုတ်နိုင်ငံ၏ သကြားထုတ်လုပ်မှု တိုးတက်လာစေရန် တွန်းအားပေးလျက် ရှိသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် ၁၀ စုနှစ်ကာလကတည်းက ကမ္ဘာ့သကြားထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်နိုင်ရေး ကြိုးစားခဲ့သော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ကိုဗစ် – ၁၉ ဖြစ်ပွားမှု၊ လုပ်ငန်းခွင်လုပ်သားလျော့နည်းလာမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ China IkkNews Daily






မိုးမြင့်လင်းလက်
စုစည်းတင်ပြ

## အနီ လိမ္မော် သရက်မျိုးစိတ်သစ်
# ဩစတြေးလျ စမ်းသပ်စိုက်ပျိုး

ဩစတြေးလျသုတေသနပညာရှင်များက သရက်စိုက်ပျိုးသည့် တောင်သူများအတွက် အနီရောင်သရက်သီးမျိုးစိတ်သစ် တစ်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ NMBP - 4069 ဟု အမည်ပေးထားသော အဆိုပါ သရက်သီးမျိုးစိတ်သည် အရသာနှင့် အရည်အသွေးပိုင်းတွင် ထူးခြားသော ဆွဲဆောင်မှုရှိကြောင်း ယင်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကုန်းမြေမြင့်တွင်လည်း စိုက်ပျိုးနိုင်သည့် အဆိုပါသရက်သီးမျိုးကို စိုက်ပျိုးချိန်မှ စီးပွားဖြစ်ဆွတ်ခူးနိုင်သည့် အချိန်အထိ လေးနှစ်သားအရွယ်အထိသာ စိုက်ပျိုးရခြင်းဖြစ်သည်။ သရက်သီးမျိုးစိတ်သစ်သည် ပုံမှန်သရက်သီးမျိုးစိုက်ပျိုးသည့် ရာသီအချိန်အတိုင်း စိုက်ပျိုးနိုင်ပြီး အသီးများမှာလည်း ပုံမှန်အရွယ်အစားခန့်သာရှိကြောင်း သိရသည်။

အဆိုပါသရက်သီးမျိုးစိတ်သည် အခွံရောင်မှာ လိမ္မော်ရောင်နှင့် အနီရောင်သမ်းနေပြီး အတွင်းရှိ သရက်အသားအရောင်မှာ ရွှေဝါရောင်အဆင်းရှိသည်။ သရက်သီးအခွံမှာ အလွန်နူးညံ့ပါးလွှာသည့်အပြင် သရက်အသားမှာလည်း နူးညံ့သည့်အသားမျှင်များနှင့် ချိုမွှေးပြီး ထူးခြားသောအနံ့အရသာကို ပေးစွမ်းနိုင်ကြောင်း သိရသည်။

ယင်းသရက်သီးမျိုးစိတ်သစ်တစ်လုံး၏ အရွယ်အစားမှာ ပုံမှန်သရက်သီးအရွယ်အစားခန့်သာရှိပြီး အလေးချိန်မှာ တစ်လုံးလျှင် ၃၇၈ ဂရမ်ခန့်ရှိကြောင်း သိရသည်။ အိထွေးနူးညံ့သောသရက်သီးအတွင်းသားနှင့်ချိုမြသောအရသာတို့အပြင် အမျှင်ပါဝင်မှုနည်းပါးကာ အရောင်အဆင်းလှပမှုတို့ကြောင့် စားသုံးသူဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ရရှိလာနိုင်သည့် မျိုးစိတ်သစ်ဖြစ်ကြောင်း အဆိုပါသရက်သီးမျိုးစိတ်အား တရားဝင် မှတ်ပုံတင်ထားကြောင်း သိရသည်။ agri

# ခရေပန်းပင် ဆေးဖက်ဝင်

ကြေးမုံငယ်

**ခရေ ပန်းကို ချယားပန်းဟုလည်း လူသိများသည်။ ယင်း၏ အင်္ဂလိပ်အမည်မှာ Spanish cherry, medlar, and bullet wood ဟု ခေါ်ဆိုကြပြီး ရုက္ခဗေဒအမည်မှာ *Mimu sops elengi* ဖြစ်ကာ မျိုးရင်း Sapotaceaeတွင် ပါဝင်၏။ ခရေပန်းသည် ထိုင်းနိုင်ငံ၊ ရာလာပြည်နယ်၏ အထိမ်းအမှတ်ပန်းဖြစ်သကဲ့သို့ မလေးရှားနိုင်ငံ၊ အမ်ပန်ဂျာရာမြို့၏ အထိမ်းအမှတ်ပန်းလည်း ဖြစ်၏။**








**နောက်ခံသမိုင်းနှင့် ပျံ့နှံ့ပေါက်ရောက်ပုံ**

ခရေပင်၏ မူလစတင်ရာဒေသမှာ အိန္ဒိယ၊ မြန်မာနှင့် သီရိလင်္ကာနိုင်ငံတို့ဖြစ်ကြပြီး ယင်းမှတစ်ဆင့် အပူပိုင်းနိုင်ငံ များ ဖြစ်သည့် မလေးရှား၊ ဗီယက်နမ် စင်္ကာပူနှင့် သြစတြေးလျနိုင်ငံများသို့ ပျံ့နှံ့ပေါက်ရောက်၏။ အိန္ဒိယနိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသအချို့တွင် ခရေပင်ကို စိုက်ပျိုးကြ၏။ တရုတ်နှင့် ထိုင်ဝမ်နိုင်ငံတို့တွင်လည်း ခရေပင်ကို ၂၀ ရာစုနှစ်မှ စတင်စိုက်ပျိုးလာခဲ့ကြ၏။

ခရေပင်ကို အရှေ့တောင်အာရှ၊ တောင်အာရှနှင့် သြစတြေးလျနိုင်ငံမြောက်ပိုင်းတို့တွင် အမြဲစိမ်းအပင် အလတ်စား အပူပိုင်းသစ်ပင်အနေဖြင့် တွေ့ရှိနိုင်၏။ ခရေပင်မှရရှိသည့်သစ်သားသည် တန်ဖိုးရှိပြီး အသီးများကိုလည်း စားသုံးနိုင်ကာ ယင်းကို တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် အသုံးပြုကြ၏။ ခရေပင်မှသည် အရိပ်အာဝါသကောင်းကိုပေးစွမ်းနိုင်ပြီး သင်းပျံ့မွှေးကြိုင်သော ခရေပွင့်ကလေးများစွာ ပွင့်ပေးတတ်သည့်အတွက် ဥယျာဉ်ခြံများတွင် စိုက်ပျိုးလေ့ရှိကြ၏။ ။

**အသွင်အပြင်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ**

ခရေပင်သည် အမြင့်ပေ ၅၀ ခန့်အထိ ရှင်သန်ကြီးထွားနိုင်ပြီး အရွက်များမှာ အစိမ်းရင့်ရောင် တောက်ပြောင်ကာ ဘဲဥပုံရှိ၏။ အရွက်အလျား ၂ လက်မမှသည် ၅ လက်မခန့်ရှည်ပြီး အကျယ် ၁ လက်မမှသည် ၂ လက်မခန့်ရှိ၏။ ပန်းပွင့်လေးများမှာ နို့နှစ်ရောင် အမွေးလေးများရှိပြီး သင်းပျံ့သောမွှေးရနံ့ရှိကြ၏။ အစိမ်း၊ အဝါ၊ အနီမှသည် အညိုရောင်အထိ အရောင်စုံလှသော အသီးမှာ အသားထူပြီး အလယ်တွင်အညိုရောင်အစေ့ရှိ၏။ အဝါရောင်အသီး၏ အနှစ်ကို စားသုံးနိုင်၏။ ခရေပင်၏အခေါက်မှာထူပြီး အညိုနက်ရောင် (သို့မဟုတ်) မီးခိုးရောင်ရှိတတ်ကြပြီး မျက်နှာပြင်ပေါ်တွင် အက်ကွဲရာအချို့ ရှိနေတတ်၏။

**ဆေးဖက်ဝင်အသုံးများ**

ခရေပင်၏ ပင်စည်၊ အခေါက်၊ အရွက်၊ အသီး၊ အစေ့နှင့် အစေးအားလုံးတို့ကို အသုံးပြုနိုင်၏။ ခရေစေ့ကို ဝမ်းပိတ်ဆေး၊ သွေးတိတ်ဆေးတို့ဖော်စပ်ရာတွင်လည်းကောင်း၊ အစေ့ပါသောခရေသီးကို ကာမအားတိုးဆေး၊ အစာအိမ်၊ နှလုံးနှင့် အသည်းအားတိုးဆေးများဖော်စပ်ရာတွင်လည်းကောင်း၊ ခရေပွင့်ကို သွားနှင့်ခံတွင်းကြံ့ခိုင်ဆေးအတွက်လည်းကောင်း၊ အခေါက်ကို အပူငြိမ်းဆေး၊ အဖျားပျောက်ဆေး၊ နှလုံးအားတိုးဆေး၊ သန်ချဆေး၊ အစားစားလိုစိတ်ကို လှုံ့ဆော်သောဆေး၊ သွေးတိတ်ဆေး၊ ဆီးပူညောင်းကျရောဂါပျောက်ဆေး ဖော်စပ်ရာတွင် လည်းကောင်း၊ အရွက်ကို သွေးကျဲဆေး၊ စိတ်ခွန်အားတိုးဆေး၊ ငှက်ဖျားရောဂါပျောက်ဆေး အစရှိသည်တို့ကို ဖော်စပ်ရာတွင် အသုံးပြုကြ၏။

– ခရေခေါက်ပြုတ်ရည်ကို အဖျားကျစေရန်အတွက် အသုံးပြုကြ၏။ ခေါင်းကိုက်ဝေဒနာခံစားရပါက ခရေခေါက်ကို အခြောက်လှန်းကာ အမှုန့်ပြုလုပ်ထားပြီး နဖူးပေါ် လိမ်းကျံရာတွင် အသုံးပြုကြ၏။ လည်ချောင်းနာခြင်း၊ လည်ချောင်းယားခြင်းနှင့် ခံတွင်းရောင်နာခြင်းတို့ ခံစားရသည့်အခါ ခရေခေါက်ပြုတ်ရည်ဖြင့် အာလုတ်ကျင်းပေးရ၏။

– ခေါင်းကိုက်သည့်အခါ ခရေပန်းခြောက်ရနံ့ကို ရှူခြင်းဖြင့် ဝေဒနာသက်သာစေ၏။ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းတွင် ကျောက်တည်ခြင်းဝေဒနာခံစားနေရပါက ခရေပန်းခြောက်ကို ဖျော်ရည်ပြုလုပ် သောက်သုံးခြင်းဖြင့် အကျိုးကျေးဇူးကောင်းရစေ၏။ ချောင်းခြောက်ဆိုးနေပါက ခရေပန်း ငါးပွင့်ခန့်ကို ရေ ၁၀၀ မီလီမီတာနှင့်အတူ ရောပြုတ်ပြီး သောက်သုံးပေးနိုင်၏။ ယင်းပြုတ်ရည်သည် အအေးမိခြင်းနှင့် နှလုံးခုန် ရင်တုန်ခြင်း ဝေဒနာကိုလည်း သက်သာစေနိုင်၏။

– ခရေသီးအနှစ်သည် ဝမ်းကိုက်ရောဂါကို သက်သာစေနိုင်၏။ ဝမ်းပျက်ဝမ်းကိုက် ဝေဒနာ ခံစားနေရပါက ခရေသီး ငါးလုံးခန့်၊ ဆီးရွှင်စေသော် ခရေသီး ကိုးလုံးခန့် နေ့စဉ်စားသုံးပေးသင့်၏။

– ခရေစေ့အပြင်အခွံမာနှင့် အခေါက်တို့ကို သွားဖုံးကြံ့ခိုင်ကျန်းမာစေရန် အသုံးပြုကြ၏။ ခရေပင်အခေါက်သည် အမျိုးသမီးများ သန္ဓေအောင်နှုန်းကောင်းမွန်စေရန် အထောက်အကူပြု၏။ ခရေသီးအမှည့်ကို ရေဖြင့် သောက်သုံးပေးပါက ကလေးမီးဖွားရာတွင် အထောက်အကူဖြစ်စေ၏

– ခရေသီးကို ဝမ်းချုပ်ခြင်းအတွက် ကုသခြင်း၊ နာတာရှည် ဝမ်းကိုက်ခြင်း၊ ဆီးလမ်းကြောင်းတွင် ပိုးဝင်ခြင်း အစရှိသည့် ရောဂါများအတွက် ဆေးဖော်စပ်ရာတွင် အသုံးပြုကြ၏။

– ခရေပန်းပွင့်ကို ပြည်တည်နာများ၊ ထိခိုက်ရှနာများအပေါ် လိမ်းကျံနိုင်သည့်အပြင် ခေါင်းမူး၊ ခေါင်းကိုက်ဝေဒနာများအတွက် ရှူဆေးအဖြစ် အသုံးပြုနိုင်၏။

– ခရေပင်အခေါက်ကို သွားနှင့်ခံတွင်းရောဂါများ၊ ခံတွင်းသွေးယိုစီးခြင်းဝေဒနာအတွက် အာလုတ်ကျင်းဆေးအဖြစ် အသုံးပြုကြ၏။

– ခရေပန်းပွင့်အမှုန့်ကို ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ အဖျားကြီးခြင်း၊ လည်ချောင်းနာခြင်း၊ ပခုံးနှင့် ခန္ဓာကိုယ်ကိုက်ခဲနာကျင်ခြင်း အစရှိသည့်ဝေဒနာများ သက်သာစေရန် အသုံးပြုကြ၏။ ခရေပွင့်ခြောက်အမှုန့်ကို ဦးနှောက်မှတ်ဉာဏ် အားတိုးဆေးဖော်စပ်ရာတွင် အသုံးပြုကြ၏။

– ခရေပင် ကိုင်းနုကို သွားတိုက်တံအဖြစ် အသုံးပြုခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဝမ်းကိုက်ခြင်းနှင့် အကျိအချွဲ များ ဆင်းခြင်းတို့မှ သက်သာစေရန် အသုံးပြုကြ၏။

– အရေပြားယားနာရောဂါများအတွက် ခရေခေါက်နှင့် မန်ကျည်းခေါက်တို့ကိုရောစပ်ပြီး လိမ်းပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

– ခရေရွက်ကို သွားကိုက်သွားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိနာခြင်းနှင့် အခြားသောထိခိုက်ဒဏ်ရာများအတွက် အသုံးပြုကြ၏။

– အာရှနိုင်ငံများတွင် နာခေါင်းနှင့် နှုတ်ခမ်းတွင် ဒဏ်ရာရပါက ခရေရွက်ကို မီးကင်ပြီး ကပ်ပေးခြင်းဖြင့် အသုံးပြုကြ၏။

– ဝမ်းပျက်ဝမ်းလျှောဖြစ်ပါက ခရေပန်းကို ဆေးအဖြစ် အသုံးပြုကြ၏။

– ဖိလစ်ပိုင်နိုင်ငံတွင် ခရေခေါက်နှင့် အသီးမှည့်တို့ကို အစွမ်းထက်လှသည့် အဖျားပျောက်ဆေးအဖြစ် အသုံးပြုကြ၏။

– ဝမ်းချုပ်ပါက ခရေစေ့ကို ကြိတ်ပြီးရရှိလာသည့် အမှုန့်ကို အသုံးပြုကြ၏။

– အဆိပ်ရှိသော သတ္တဝါများအကိုက်ခံပါက အကိုက်ခံရသည့်နေရာတွင် ခရေသီးအစိမ်းအနှစ်နှင့် ခရေခေါက်ကို သွေးပြီးရရှိလာသည့်အနှစ်ကို လိမ်းကျံပေးခြင်းဖြင့် ဝေဒနာကို သက်သာစေ၏။

**အခြားအသုံးများ**

– ထိုင်းနိုင်ငံတွင် ခရေပွင့်ခြောက်ကို လက်ဖက်ခြောက်နှင့်အတူရောကာ ခရေပန်းလက်ဖက်ခြောက်အဖြစ်

စာ – ၁၇ သို့

## ရန်ကုန်ဘုရင့်နောင်ဈေးကွက် စားဖိုဆောင်သီးနှံ

ယခုရက်သတ္တပတ်အတွင်း စားဖိုဆောင်သီးနှံဈေးကွက်တွင် **ကြက်သွန်နီ (ထူး၊ လတ်၊ သေး)** ဈေးနှုန်းများ ဈေးနိမ့်ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ ဆိတ်ဖြူ၊ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာဒေသများမှ ကုန်အဝင်ရှိခဲ့သည်။ စိုက်ပျိုးထွက်ရှိရာဒေသများတွင် ကုန်လက်ကျန်နည်းလာသော်လည်း မိုးရွာသွန်းမှုများကြောင့် ကုန်လက်ကျန်များ အစိုဓာတ်ရှိခြင်း၊ အရည်အသွေးညံ့လာခြင်း၊ သီတင်းကျွတ်ပိတ်ရက်များ ရှိခြင်းကြောင့် ပြည်တွင်း၊ ပြည်ပဝယ်လက်များ အရောင်းအဝယ်အေးခြင်း၊ တရုတ်နယ်စပ်ဂိတ်များ ပိတ်ထားခြင်းကြောင့် တရုတ်နယ်စပ်မှ ပြန်လည်သယ်ယူလာသော ကြက်သွန်နီလက်ကျန်များလည်း ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်မှုရှိခြင်း၊ တရုတ်နယ်စပ်ဂိတ်များမှ ပြန်လည်ရောက်ရှိလာသော ပြည်တော်ပြန်ကြက်သွန်နီများ အရည်အသွေးနိမ့်ခြင်းနှင့် ရောင်းလိုအားများခြင်းစသည့် အခြေအနေများကြောင့် **ကြက်သွန်နီ (ထူး၊ လတ်၊ သေး)** များ ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။ ယခင်ရက်သတ္တပတ်အတွင်း **ကြက်သွန်နီ (ထူး၊ လတ်၊ သေး)** ၏ ပျမ်းမျှတစ်ပိဿာ ဈေးနှုန်းမှာ ၉၅၀၊ ၈၅၀၊ ၇၀၀ ကျပ်ဖြစ်ပြီး ယခုရက်သတ္တပတ်အတွင်း **ကြက်သွန်နီ (ထူး၊ လတ်၊ သေး)** ဈေးနှုန်းများမှာ ၈၅၀၊ ၇၅၀၊ ၆၀၀ ကျပ်ဖြစ်သည်။

**ကြက်သွန်ဖြူ (ကြူကုတ်)** ဈေးနှုန်းများမှာလည်း ပြည်ပမှ ဝယ်ဈေးမြင့်ခဲ့ခြင်းအပြင် တရုတ်နယ်စပ်ဂိတ်များ ပိတ်ထားခြင်းကြောင့် ကုန်အဝင်နည်းနေခြင်း၊ စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးမြင့်ခဲ့သည်။ **ကြက်သွန်ဖြူ (ကြူကုတ်)** တစ်ပိဿာ၏ ပျမ်းမျှဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်အတွင်း ၄၃၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၄၅၀ ကျပ်ဖြစ်သည်။ **ကြက်သွန်ဖြူ**



# ရန်ကုန် ဈေးကွက်

**(ရှမ်း)** ဈေးနှုန်းများလည်း **ကြူကုတ်ကြက်သွန်ဖြူ**များ ဈေးမြင့်ချိန်ဖြစ်၍ စားသုံးသူများ **ကြက်သွန်ဖြူ(ရှမ်း)**အား ဝယ်လိုအားများကာ အနည်းငယ်ဈေးမြင့်လာခဲ့သည်။ **ကြက်သွန်ဖြူ (ရှမ်း)**၏ ယခင် ရက်သတ္တပတ်အတွင်း ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ ၂၄၀၀ ကျပ်ဖြစ်ခဲ့ပြီး ယခုရက်သတ္တပတ်ဈေးနှုန်းမှာ ပျမ်းမျှ တစ်ပိဿာလျှင် ၂၄၅၀ ကျပ်သို့ ရောက်ရှိခဲ့သည်။

အလားတူပင် တရုတ်အာလူးများ ကုန်အဝင်မရှိသေးသော ကာလဖြစ်ခြင်းကြောင့် ဈေးကွက်သို့ ရှမ်းအာလူးတစ်မျိုးကိုသာ ကုန်အဝင်ရှိခြင်း၊ ကုန်အဝင်အလွန်နည်းခြင်း၊ စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် အာလူးအမျိုးအစားအားလုံး ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ယခင်ရက်သတ္တပတ်အတွင်း အာလူးတစ်ပိဿာ၏ ပျမ်းမျှဈေးနှုန်းမှာ ၁၉၀၀၊ ၁၈၀၀၊ ၁၀၅၀ ကျပ်ဖြစ်ပြီး ယခုရက်သတ္တပတ်အတွင်း အာလူးတစ်ပိဿာ၏ ပျမ်းမျှဈေးနှုန်းများမှာ (၂၁၅၀၊ ၂၀၅၀၊ ၁၉၅၀၊ ၁၁၀၀) ကျပ်ဖြစ်ပြီး ယခုရက်သတ္တပတ်အတွင်း အာလူးတစ်ပိဿာ၏ ပျမ်းမျှဈေးနှုန်းများမှာ (၂၁၅၀၊ ၂၀၅၀၊ ၁၉၅၀၊ ၁၁၀၀) ကျပ်ဖြစ်သည်။

ငရုတ်ခြောက်၊ (ရှည်၊ လတ်)များမှာ ဈေးကွက်သို့ ငရုတ်ခြောက်အဟောင်းများ ကုန်အဝင်နည်းခြင်း၊ အရည်အသွေးနိမ့်ခြင်းနှင့် အတူ ငရုတ်ခြောက်အသစ်များ ကုန်အဝင်ရှိလာခြင်း၊ အစိုဓာတ်ရှိခြင်း၊ ရောင်းလိုအားများခြင်း၊ စားသုံးသူများမှ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ငရုတ်ခြောက် (ရှည်၊ လတ်) ဈေးနှုန်းများမှာ ယခင်ရက်သတ္တပတ်ဈေးနှုန်းများထက် အနည်းငယ် ဈေးနိမ့်ခဲ့သည်။

ရန်ကုန်ဈေးကွက်သို့ အိမ်မဲ၊ ပန်းတနော်၊ မြစ်ဝ၊ ပန်းရဲ၊ မြားနီ၊ ငရုတ်ခြောက်ရှည်အဟောင်းနှင့် အသစ်များ ဝင်ရောက်မှုရှိပြီး သဲတော၊ ကျောက်ဆည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ဟသ်ာတ၊ မြစ်ဝတို့မှ မိုးထောင် ငရုတ်ခြောက်လတ်အဟောင်းနှင့် အသစ်များ ဝင်ရောက်မှုရှိလာသည်။ **ငရုတ်ခြောက် (ရှည်၊ လတ်)** များ၏ ယခင်ရက်သတ္တပတ် ပျမ်းမျှဈေးနှုန်းများ တစ်ပိဿာလျှင် ၄၃၀၀ ကျပ်နှင့် ၃၄၅၀ ကျပ်ဖြစ်ပြီး ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းများမှာ ၃၇၀၀ ကျပ်နှင့် ၃၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။

**ငရုတ်ခြောက်ပွ**မှာ ဆင်ဖြူကျွန်း၊ စိမ်းစား၊ မြစ်ဝ ငရုတ်ခြောက်ပွများ ကုန်အဝင်အလွန်နည်းခြင်း၊ စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာသည်။ ယခင်ရက်သတ္တပတ်အတွင်း ငရုတ်ခြောက်ပွ တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၆၀၀၀ ကျပ်ဖြစ်ပြီး ယခုရက်သတ္တပတ်အတွင်း ငရုတ်ခြောက်ပွ တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၆၂၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။

**အေးသန္တာဝင်း**

# သီရိမင်္ဂလာဈေးသို့ သီးနှံအဝင်နည်းပါး

ယခု အောက်တိုဘာလအတွင်း ဟင်းသီးဟင်းရွက် စားဖိုဆောင်သီးနှံများသာမကကွမ်းရွက်နှင့်ပန်းအမျိုးမျိုးတို့မှာ ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေးသို့ ဝင်ရောက်မှု နည်းပါးနေကြောင်း သိရသည်။

မိုးဦးရာသီတွင် စိုက်ပျိုးသူအများစုမှာ ပုံမှန်ပမာဏထက် လျှော့ချစိုက်ပျိုးထုတ်လုပ်ခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းကာ ဈေးကွက်ဝယ်လိုအား များပြားနေခြင်းဖြစ်ကြောင်း ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးသူများက ပြောသည်။

"ပစ်တိုင်းထောင် ရွှေဖရုံသီးတစ်လုံးကို သုံးရာကျပ်ကနေ လေးရာကျပ်အတွင်း ဈေးရနေတယ်။ လက်ရှိ ရန်ကုန်ကို တင်ပို့နေတာပါ။ ဈေးနှုန်းကတော့ အရင်ကနဲ့ထူးမခြားဆိုပေမယ့် အခုက အရောင်းသွက်လာတာပေါ့။ အရင်နှစ်တွေက လိုက်ရောင်းတာတောင် မယူတဲ့နေရာတွေက ကျွန်တော်တို့ဆီကနေ ရွှေဖရုံဦးမှာယူမှုတွေ ရှိလာတယ်။ သခွားသီးလည်း မှာယူမှုရှိလာတယ်။ ထုတ်လုပ်မှုက နည်းခဲ့၊ စိုက်တဲ့သူ နည်းခဲ့တဲ့အတွက်ပါ။ တောင်သူတွေကလည်း လမ်းတွေပိတ်တာနဲ့ရောဂါတွေနဲ့ကို ထည့်တွက်ပြီးတော့ မစိုက်ခဲ့ကြတာပါ"ဟု မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံစုံ စိုက်ပျိုးထုတ်လုပ်ရောင်းချသူ ကိုဟန်ဇော်သက်က ပြောသည်။

၂၀၂၁ ခုနှစ် စိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုဈေးနှုန်းများ အဆမတန် မြင့်တက်နေခြင်း၊ လမ်းပန်းဆက်သွယ်ရေးအားနည်းနေခြင်း၊ ဈေးကွက်ပိုင်းမသေချာခြင်းတို့ကြောင့် တောင်သူအများစုမှာ လျှော့ချစိုက်ပျိုးခဲ့ကြရခြင်း ဖြစ်သည်။

"တကယ်တမ်းကျတော့ ဘယ်လိုလမ်းကြောင်းတွေ ပိတ်နေနေ၊ နိုင်ငံရဲ့စားနပ်ရိက္ခာဖူလုံစေဖို့ အတွက်ကို ပမာဏနည်းနည်းဖြစ်ဖြစ် ကိုယ်တတ်နိုင်သလောက်လေး ထုတ်လုပ်သွားမယ်ဆိုရင်တော့ ပိုကောင်းတာပေါ့။ လုံးဝစိုက်ခင်းကြီးကို ရပ်ထားပစ်လိုက်တာမျိုးထက် စဉ်ဆက်မပြတ် ပုံမှန်လေးသွားတာမျိုးပေါ့လေ။ အခုကတော့ စိုက်ထားတဲ့သူတွေကလည်း ရောင်းကောင်းနေတာပေါ့။ မစိုက်ထားခဲ့မိတဲ့သူတွေကလည်း နောင်တရကြတာပေါ့။ တကယ်ပဲ သီးနှံဈေးကွက်ကလည်း ကြိုတင်ခန့်မှန်းရခက်တယ်ဆိုတော့ မစိုက်မိခဲ့တဲ့တွေရဲ့အပြစ်လည်း မဟုတ်ပါဘူး"ဟု ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေးရှိ သီးနှံကုန်သည်တစ်ဦးက ဆိုသည်။

ကုန်းတွင်းပိုင်းကွမ်းခြံများမှ ကွမ်းရွက်လှိုင်လှိုင်မထွက်သေးခြင်းနှင့် ယခုနှစ် ပန်းမျိုးဝယ်ယူရာမှာ အရင်နှစ်များကထက် ဝယ်ယူရခက်ခဲခဲ့ခြင်းနှင့် မိုးများသည့်အတွက် ပန်းအထွက်နှုန်းကျဆင်းခဲ့ခြင်းတို့ကြောင့် ဘုရားပန်းနှင့် ကွမ်းရွက်တင်ပို့မှု နည်းပါးရခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ရှိ ဒေသခံတောင်သူ ကိုမင်းလွင်က ပြောသည်။

**နန်းထက်ထက်ချစ်**

# မန္တလေး ဈေးကွက်

## ဂျုံ

**ဂျုံ**ရောင်းဝယ်မှုမှာ ယခင်နှစ်များက ဈေးကောင်းမရ၍ သီးနှံပြောင်းလဲစိုက်ပျိုးမှုများကြောင့် စိုက်ဧကနည်းကာ အထွက်နည်းပြီး အဝင်နည်းခဲ့သည်။ ယခုအခါ စတင်စိုက်ပျိုးရန် ပြင်ဆင်စကာလဖြစ်၍ ပစ္စည်းလက်ကျန်နည်းခြင်း၊ ငွေဈေးမငြိမ်သက်မှုကြောင့် ပြည်ပဂျုံများ အဝင်နည်းခြင်း၊ မြို့တွင်းမုန့်လုပ်ငန်းသမားများ၊ အဝယ်ပုံမှန်ရှိခြင်းတို့ကြောင့် မြင်းမူ၊ ဆားတောင်၊ မုံရွာ၊ စစ်ကိုင်းဂျုံများမှာ ယခင်အပတ် ၆၀ ပိဿာ ၉၅၀၀၀ ကျပ်မှ ၁၀၅၅၀၀ ကျပ်သို့လည်းကောင်း၊ ကလေးဂျုံနှင့် ရှမ်းဂျုံမှာ ယခင်အပတ် ၉၂၅၀၀ ကျပ်မှ ၉၇၅၀၀ ကျပ်သို့လည်းကောင်း၊ ပြည်ပသြစတြေးလျဂျုံမှာ တစ်ပိဿာလျှင် ၃၅၀၀ ကျပ်သို့လည်းကောင်း ဈေးများစွာမြင့်တက်သွားသည်။

## ဆီထွက်သီးနှံနှင့် ဆီဈေးကွက်

**မြေပဲ(လုံးဆန်)**နှင့်ဆီဆန်ဈေးနှုန်းများမှာ **မိုးမြေပဲ**များ ဝင်ရောက်စဖြစ်ခြင်း၊ ဆောင်းမြေပဲစတင်စိုက်ပျိုးမှုရှိခြင်းတို့ကြောင့် လုပ်ငန်းသုံးနှင့် ဆီစက်သမားအဝယ်ပုံမှန်ရှိသော်လည်း ၁၀၀



ပိဿာလျှင် ယခင်အပတ် ၂၉၅၀၀၀ ကျပ်မှ ၂၉၀၀၀၀ သို့ ဈေးနိမ့်သွားသည်။ **မြင်းမူမြေပဲ**မှာ အရည်အသွေးကောင်းပြီး မျိုးသမားအဝယ်ရှိသဖြင့် ၁၀၀ ပိဿာ ၃၁၀၀၀၀ ကျပ်သို့ ဈေးမြင့်နေပြီး၊ **ဆီဆန်**မှာ ကျောက်ပန်းတောင်း၊ နွားထိုးကြီးတို့မှ အဝင်ရှိခြင်းကြောင့် ၁၀၀ ပိဿာလျှင် ၂၅၀၀၀၀ ကျပ်၊ ၂၆၀၀၀၀ ကျပ်၊ ၂၆၅၀၀၀ ကျပ် ဈေးအသီးသီးရှိသည်။ **နှမ်းမျိုးစုံ**အနေဖြင့် **မိုးနှမ်း**အဝင်နည်းသွားခြင်း၊ **ဆောင်းနှမ်း**စတင်စိုက်ပျိုးစဖြစ်ခြင်းကြောင့် တရုတ်ဝယ်လက်နည်းပြီး မြို့တွင်းသုံးသာရှိသော်လည်း **နှမ်းဖြူ** ၄၅ ပိဿာလျှင် ၁၅၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

**နှမ်းညို**အသစ်များ အဝင်ရှိခြင်းကြောင့် ၄၅ ပိဿာလျှင် ၁၂၀၀၀၀ ကျပ်မှ ၁၂၅၀၀၀ ကျပ်အထိ ဈေးအသီးသီးရှိသည်။ **ပန်းနှမ်း**မှာ ယခုအပတ်အရောင်းအဝယ်အေးသဖြင့် ယခင်အပတ် ၄၅ ပိဿာ ၉၂၅၀၀ ကျပ်မှ ၈၉၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ **ပဲဆီ**တစ်ပိဿာ ၆၀၀၀ ကျပ်၊ **နေကြာဆီ** တစ်ပိဿာ ၆၂၅၀ ကျပ်၊ **ပဲပုပ်ဆီ** တစ်ပိဿာ ၃၅၀၀ ကျပ်၊ **စားအုန်းဆီ** တစ်ပိဿာ ၄၇၈၀ ကျပ်ဖြင့် မြို့တွင်းသုံး ပုံမှန်ရောင်းဝယ်နေသည်။

## ပဲမျိုးစုံ

ပြည်ပပို့ကုန် **ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ (နီ)၊ မြေထောက်ပဲ**တို့မှာ ငွေဈေးမတည်ငြိမ်ခြင်း၊ ကားခဈေးမြင့်သော်လည်း ရန်ကုန်ဝယ်လက်၊ တရုတ်ဝယ်လက်များက ဈေးနှိမ်ဝယ်ယူခြင်း၊ ကုန်သည်များထံတွင် မိုးစိုက်လက်ကျန်နည်းပြီး ဆောင်းစိုက်စတင်စိုက်ပျိုးစဖြစ်၍ ရောင်းချမှုနည်းခြင်းတို့ကြောင့် ဈေးကွက်အေးပြီး မတ်ပဲ ၆၀ ပိဿာ ယခင်အပတ် ၁၉၂၅၀၀ ကျပ်မှ ၁၅၈၅၀၀ ကျပ်၊ **ပဲတီစိမ်း(အညာ)**ယခင်အပတ် ၁၂၂၂၅၀ ကျပ်မှ ၁၂၁၀၀၀ ကျပ်၊ **ပဲစင်းငုံ(နီ)** ၆၀ ပိဿာလျှင် ယခင်အပတ် ၁၄၅၀၀၀ ကျပ်မှ ၁၂၉၀၀၀ ကျပ်သို့ ဈေးကျသွားသည်။

**ပဲပုပ်(မြန်မာ)၊ ကုလားပဲ (ထိုင်ဝမ်)၊ ကုလားပဲ (ကုဖြူကြီး၊ ထောပတ်ပဲ၊ ကြီး/သေး)၊ ပဲလွမ်းဖြူ**တို့မှာ မြို့တွင်းသုံး၊ ပဲခွဲစက်များ ဝယ်ယူမှုနည်းသဖြင့် ဈေးအနည်းငယ် နိမ့်နေသည်။ **စားတော်ပဲ(ကျွန်း)**မှာ စားတော်ပဲ (ကနေဒါ) ဝင်ရောက်မှုရှိသဖြင့် မြို့တွင်းလက်လီသမားများက ဈေးနိမ့်သော **ကနေဒါမျိုး**အား ၅၉ ဒသမ ၂၅ ပိဿာ ၁၇၁၅၀၀ ကျပ်ဖြင့် ဝယ်ယူမှုများသဖြင့် **စားတော်ပဲကျွန်း** အရောင်းအဝယ်အေးပြီး ယခင်အပတ် ၂၂၀၀၀၀ ကျပ်မှ ၂၁၀၀၀၀ ကျပ်သို့ ဈေးကျသွားသည်။ **ပဲကွန်ပြာ**မှာ ပစ္စည်းရှားခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ၅၄ ဒသမ ၂၅ ပိဿာလျှင် ၁၁၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

**ပဲပြား(ကြီး/သေး)**တို့မှာ မိုးလက်ကျန်နည်းပြီး ဆောင်းစိုက်ပျိုးစဖြစ်ခြင်း၊ မြို့တွင်း ပဲကြော်/လှော်သမားများ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် **ပဲကြီး(ကြီး)** ၅၅ ဒသမ ၂၅ ပိဿာ ယခင်အပတ် ၁၈၅၀၀၀ ကျပ်မှ ၁၈၇၅၀၀ ကျပ်၊ **ပဲကြီး(သေး)** ၂၆၀၀၀၀ ကျပ်မှ ၁၆၂၅၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

## စားဖိုဆောင်သီးနှံ

စားဖိုဆောင်သီးနှံများအနက် ကြက်သွန်မှာ မိုးကြက်သွန်များ နယ်စုံမှ ဝင်ရောက်မှုရှိသည့်အပြင် ထိုင်း၊ မြဝတီမှတစ်ဆင့် တရုတ်နှင့်ဘင်္ဂလားဝယ်လက်ရှိသော်လည်း **ကြက်သွန်နီ(ကြီး)** ယခင်အပတ် ၉၀၀ မှ ၈၀၀ ကျပ် (လတ်) တစ်ပိဿာ ၇၀၀ ကျပ်မှ ၆၀၀၊ **ကြက်သွန်နီ သေး** တစ်ပိဿာလျှင် ၄၀၀ ကျပ်သို့ ဈေးနိမ့်နေသည်။ **ကြက်သွန်ဖြူ**ဈေးနှုန်းမှ **တရုတ်ကြက်သွန်ဖြူ** အဝင်ပုံမှန် စားသုံးမှုပုံမှန်ဖြစ်၍ တစ်ပိဿာ ၄၄၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး၊ **ကြက်သွန်ဖြူ(ရှမ်း)**မှာ စတင်စိုက်ပျိုးချိန်ဖြစ်၍ လက်ကျန်အရည်အသွေးပေါ်မူတည်ကာ ၂၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်၊ **ကြက်သွန်ဖြူ(မြေပြန့်)** ၂၆၀၀ မှ ၃၃၀၀ ကျပ်ရှိသည်။ **အာလူးအိုကေ၊ အေဝမ်း**တို့မှာ အောင်ပန်းဒေသတစ်ခုတည်းမှ ထွက်ရှိပြီး နယ်စုံဖြန့်သဖြင့် ပင်ရင်းဈေးမြင့်ခြင်းကြောင့် **အိုကေ** တစ်ပိဿာ ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်၊ **အေဝမ်း** တစ်ပိဿာ ၁၂၀၀ ကျပ်မှ ၁၈၀၀ ကျပ်ဖြင့် ရောင်းဝယ်နေပြီး **ဆဲ့သီး**ဝင်ရောက်မှုမရှိကြောင်း သိရသည်။ **ချင်း**ဈေးမှာ ဘင်္ဂလားသို့ တင်ပို့မှုမရှိခြင်း၊ အသစ်ပေါ်ချိန်ဖြစ်ခြင်းတို့ကြောင့် **ချင်းသစ်**တစ်ပိဿာ ၆၀၀ ကျပ်၊ **ချင်းဟောင်း** တစ်ပိဿာ ၈၀၀ ကျပ်ဖြင့် မြို့သွင်းသုံးနှင့် ချင်းထိုးသမားများသာ ပုံမှန်ဝယ်ယူနေသည်။

**ခင်မေကြည်**

## ရန်ကုန်ဘုရင့်နောင်ပွဲရုံနယ်မြေ ဓာတ်မြေသြဇာ ဈေးနှုန်းများ (နိုဝင်ဘာ/၂၀၂၂)

| | | |
|---|---|---|
| **ဓာတ်မြေသြဇာ (N)** | | |
| ရွှေတောင် | ကျပ် | ၇၅၀၀၀ |
| ရွှေတောင်ပေါ် | ॥ | ၇၅၀၀၀ |
| အီရန်ပုလဲ | ॥ | ၇၃၀၀၀ |
| အီရန်အလုံးကြီး | ॥ | ၇၃၀၀၀ |
| မြင်းပျံ | ॥ | ၇၃၀၀၀ |
| ကောမက်မိုးသီး | ॥ | ၇၀၀၀၀ |
| အာမိုမိုးသီး | ॥ | ၈၀၀၀၀ |
| **ဓာတ်မြေသြဇာ (P)** | | |
| GT 46%(သံကွင်း) | ကျပ် | ၅၉၀၀၀ |
| GT 46% (ရွှေတောင်) | ॥ | ၅၀၀၀၀ |
| **ကွန်ပေါင်းမြေသြဇာ (C)** | | |
| အာမိုပြာ ၁၅း၁၅း၁၅ | | ၇၉၀၀၀၊ |
| အာမိုနက် ၁၆း၁၆း၈ | | ၇၆၀၀၀၊ |
| နိုက်ထရိ ၁၅း၁၅း၁၅ | | ၈၅၀၀၀၊ |
| အာမို ၁၅း၁၅း၁၅ | | ၇၃၅၀၀ |

| | | |
|---|---|---|
| အာမို ၁၆း၁၆း၁၆ | | ၈၀၀၀၀ |
| ရွှေတောင် ၁၅း၅း၅ | | ၆၀၀၀၀ |
| **သဘာဝမြေသြဇာ** | | |
| လေဆာ | ॥ | ၉၅၀၀ |
| နတ်သြဇာ | ॥ | ၂၅၀၀၀ |
| ရွှေမြေသီး | ॥ | ၁၃၀၀၀ |
| **ပေါင်းသတ်ဆေး** | | |
| နယူးပင်တက် | ကျပ် | ၅၈၀၀၀ |
| ကောပေါင်းသတ် | ॥ | ၄၁၀၀၀ |
| ရွှေနဂါးပေါင်းသတ် | ॥ | ၅၈၀၀၀ |
| **အသီးအားဆေး** | | |
| နဂါးအသီး 50kg | ကျပ် | ၆၄၀၀၀ |
| **ဂျစ်ပဆန်** | | |
| စူပါဂျစ်ပဆန် | ကျပ် | ၅၅၀၀ |
| ကောမက်ဂျစ်ပဆန် | ॥ | ၅၅၀၀ |

ရန်ကုန်ဘုရင့်နောင်ပွဲရုံနယ်မြေ ဓာတ်မြေသြဇာဈေးကွက်တွင် ယခုတစ်ပတ် ပြည်ပဓာတ်မြေသြဇာများ အဝင်မရှိသလောက် ပါးသွားပြီး၊ လက်ကျန်ဓာတ်မြေသြဇာများကိုသာ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယခုရာသီသည် မိုးစပါးရိတ်သိမ်းချိန်ဖြစ်ပြီး နွေစပါး စိုက်ပျိုးချိန်မစသေးမီကာလဖြစ်၍ တောင်သူလယ်သမားများ အဝယ်အေးနေခြင်းလည်း ဖြစ်သည်။

မိုးစပါးရိတ်သိမ်းမှုမှာ အရှိန်အဟုန်ကောင်းဆဲဖြစ်သော်လည်း နွေစပါးစတင်ရန် ပြင်ဆင်နေဆဲကာလတွင် ဒေါ်လာဈေးနှုန်း မြင့်တက်ခြင်း၊ ရွှေဈေးနှုန်းမြင့်တက်နေခြင်း၊ စက်သုံးဆီဈေးနှုန်း မြင့်တက်နေခြင်းစသည့်အခြေအနေများကြောင့် နွေစပါးအများစုစိုက်ပျိုးသည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ တောင်သူလယ်သမားဦးကြီးများသည် နွေစပါးသွင်းအားစု ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိမည့်အကျိုးအမြတ်ကို ချိန်ဆကာ ဧကမည်မျှစိုက်မည်ကို တွက်ချက်နေကြဆဲ ဖြစ်သည်ဟု သိရသည်။

ယေဘုယျအားဖြင့် ယခုအတိုင်းသာ ဈေးနှုန်းအပြောင်းအလဲများဖြစ်ပေါ်နေပါက နွေစပါးစိုက်ပျိုးမှု ယခင်နှစ်ကထက် ရာနှုန်း ၃၀ ခန့် လျော့ကျသွားနိုင်သည်ဟု ခန့်မှန်းထားကြရာ ယင်းကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနများ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဓာတ်မြေသြဇာထုတ်လုပ်သည့် ပြည်တွင်းကုမ္ပဏီများက အချိန်မီပံ့ပိုးပေးနိုင်ရန်အတွက် အချိန်မီ စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ယခုတစ်ပတ်တွင် အချို့ဓာတ်မြေသြဇာအမျိုးအစားများ ဈေးငြိမ်ပြီး အချို့မှာ ယခင်တစ်ပတ်ထက် အနည်းငယ် ဈေးမြင့်သွားသည်။

**မျိုးမြန်မာ**

# စီးပွားရေးလုပ်ငန်းသုံးယာဉ် ဟိုက်ဒရိုဂျင်လောင်စာသုံးရန် စီစဉ်

တရုတ်နိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်ဓာတုဗေဒ လုပ်ငန်းကြီးတစ်ခုဖြစ်သည့် Sinopec သည် **ဟောင်ကောင်ဒေသအား ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လုပ်မှု သုညအထိ ရောက်ရှိရန် ရည်ရွယ်ထားသည့် ဟောင်ကောင်ဒေသ အစိုးရ၏ ရည်မှန်းချက် အောင်မြင်ရေးကို ပံ့ပိုးကူညီရန် အခွင့်အလမ်းများ ရှာဖွေလျက်ရှိသည်။**

ဟောင်ကောင်ဒေသ၌ လောင်စာဆီဆိုင် ၁၇၉ Sinopec (Hong Kong) က ဖွင့်လှစ်ထားသော ဆိုင် ၅၄ ဆိုင်ရှိသောကြောင့် ကာဗွန်ထုတ်လုပ်မှု သုညအထိ ရောက်ရှိရေး ဆောင်ရွက်မှု အရှိန်မြှင့်တင်ရန် ဒေသအစိုးရအား Sinopec က စည်းရုံးလျက်ရှိကြောင်း၊ တောင်ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ တရုတ်ပြည်မကြီး၊ ဥရောပနှင့်အမေရိကန်ပြည်ထောင်စုတို့တွင် ဓာတ်ဆီနှင့်ဒီဇယ်ဆီ လောင်စာအသုံးပြုသည့်ယာဉ်များအား ဟိုက်ဒရိုဂျင်အသုံးပြုသည့် ယာဉ်များနှင့် အစားထိုးအသုံးပြုရန် လွန်ခဲ့သောနှစ်အနည်းငယ်မှစတင်၍ ဆောင်ရွက်လျက်ရှိပြီး ဟောင်ကောင်ဒေသ၌ ဖွံ့ဖြိုးတိုးတက်မှုမှာ နှေးကွေးလျက်ရှိနေသေးသည် ဆို၏။

ဟောင်ကောင်ဒေသအစိုးရအနေဖြင့် ကာဗွန်ကင်းစင်သည့် ဒေသဖြစ်ရေး အခွင့်အလမ်းများ ရရှိနိုင်ရန် အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက် ဟိုက်ဒရိုဂျင် လက်ခံကျင့်သုံးရေး တွန်းအားပေးမှု အကောင်အထည်ဖော်ရန် မူဝါဒများကို အသေးစိတ်ဖော်ပြမည့် ၂၀၃၀ ပြည့်နှစ် ရာသီဥတုဆိုင်ရာ နောက်ဆုံးအခြေအနေစီမံချက်ကို ယခုနှစ်မကုန်မီ ကြေညာနိုင်ရန် ဟောင်ကောင်ဒေသအစိုးရအနေဖြင့် မျှော်မှန်းထားကြောင်း၊ ဟောင်ကောင်ဒေသ၏ ဘတ်စ်ကားလုပ်ငန်း လုပ်ကိုင်သည့် KMB သည် ကာဗွန်ထုတ်လုပ်မှု သုညရည်မှန်းချက် အောင်မြင်ရန် hydrogen fuel-cell နည်းပညာဖြင့် လုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသသည် ဟိုက်ဒရိုဂျင်ထုတ်လုပ်ရန် အလွယ်တကူရရှိနိုင်ကြောင်း၊ ဟောင်ကောင်ဒေသ၏ အနောက်မြောက်ဘက်ရှိ ၁၃၃ ကီလိုမီတာတွင် တည်ရှိသည့် ဖိုရှမ်းမြို့၌ ကာဗွန်ထုတ်လွှတ်မှု သုညဖြင့် ကုန်စည်များပို့ဆောင်သည့် ကုန်တင်ကား ၄၄၈ စီးနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကား ၁၀၀၀ စီး ပြေးဆွဲလျက်ရှိကြောင်း၊ အဆိုပါ ဖိုရှမ်းမြို့သည် ဟိုက်ဒရိုဂျင် ပံ့ပိုးတင်သွင်းမှုကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရန် အချက်အချာကျသည့် မြို့ဖြစ်ကြောင်း၊ ယခုလက်ရှိအချိန်ထိ တရုတ်ပြည်မကြီး၌ ဟိုက်ဒရိုဂျင် ပြန်လည်ဖြည့်တင်းရန်နေရာ ၁၂၀ ခုရှိရာ ကမ္ဘာ့လေးပုံတစ်ပုံရှိကြောင်း၊ တရုတ်အစိုးရ၏ ၂၀၂၁-၂၀၂၅ စီမံချက်အောက်တွင် ဟိုက်ဒရိုဂျင် ပြန်လည်ဖြည့်တင်းနိုင်မည့်နေရာ ၁၀၀၀ ခုကျော် ထပ်မံထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လာမည့်ဆယ်စုနှစ်သုံးစုအတွင်း ဟိုက်ဒရိုဂျင်သုံးစွဲမှု ခြောက်ဆ မြင့်တက်နိုင်ပြီး ၂၀၅၀ ပြည့်နှစ်တွင် ဟိုက်ဒရိုဂျင် သုံးစွဲမှုမှာ စွမ်းအင်သုံးစွဲမှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းပါဝင်နိုင်ကြောင်း သိရသည်။

**ရှင်စောသု**

## ၂၀၂၁-၂၀၂၂ ခုနှစ် ကမ္ဘာ့ပဲပုပ်စေ့စိုက်ပျိုးမှု ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်နိုင်

၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ပဲပုပ်စေ့စိုက်ပျိုးထုတ်လုပ်မှု တန်ချိန် ၃၈၀ ဒသမ ၁ သန်းအထိ ထွက်ရှိနိုင်၍ ယခင်နှစ်တန်ချိန် ၃၆၃ ဒသမ ၆ သန်းထက် ၄ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်နိုင်ကြောင်း G20 ၏ AMIS က ထုတ်ဝေသည့် စာစောင်တွင် ဖော်ပြထားသည်။

အိန္ဒိယနှင့်အာဂျင်တီးနားနိုင်ငံတို့တွင် အထွက်ကျဆင်းခဲ့သော်လည်း ကမ္ဘာ့ဆီထွက်သီးနှံထုတ်လုပ်မှု၏ ၃၇ ရာခိုင်နှုန်းရှိသည့် ဘရာဇီးနိုင်ငံ ပဲပုပ်စေ့ အထွက်တိုးသည်။

**ထွန်းအောင်ဇော်**



# ထိုင်းပို့ကုန်တိုးတက်မှု ၁၂ ရာခိုင်နှုန်းရှိမည် ခန့်မှန်း

ပြည်ပသို့ သဘော်တင်ပို့မှု ခြောက်လမြောက် ဆက်တိုက်တိုးတက်ခဲ့ပြီးနောက် ပြည်ပသို့ သဘော်တင်ပို့သည့်အုပ်စုများအနေဖြင့် ယခုနှစ် ထိုင်းပြည်ပတင်ပို့မှု အလားအလာ ပိုမိုတိုးတက်လျက်ရှိနေကြောင်း သိရသည်။ ထိုင်းအမျိုးသားပို့ဆောင်ရေးကောင်စီက ပြည်ပသို့သဘော် ယခုနှစ်အတွက် ပြည်ပပို့ကုန်တိုးတက်မှု ၁၂ ရာခိုင်နှုန်းဖြင့် အမေရိကန် ၂၆၀ ဘီလီယံရရှိရန် မျှော်မှန်းချက်ကို ဆက်လက်ထိန်းသိမ်းထားကြောင်း သိရသည်။

စီးပွားရေးပြန်လည် နာလန်ထူလာမှုနှင့် အမေရိကန်၊ တရုတ်၊ အီးယူနှင့်ဂျပန်စသော အဓိကကုန်သွယ်ဖက်နိုင်ငံများတွင် ဝယ်လိုအားမြင့်တက်လာမှုနှင့်အစုလိုက်၊ အပြုံလိုက်ကာကွယ်ဆေးထိုးမှုတိုးတက်လာခြင်းကလည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လှုပ်ရှားဆောင်ရွက်ရာတွင် ကမ္ဘာတစ်ဝန်းရှိ အများပြည်သူတို့၏ ယုံကြည်မှုကို ပိုမိုရရှိစေသည်ဆို၏။

အမေရိကန်ဒေါ်လာနှင့် ယှဉ်လျှင် ဘတ်ငွေတန်ဖိုးအားနည်းကျဆင်းလာခြင်းက ပို့ကုန်တင်ပို့မှုကို များစွာအထောက်အကူပြုစေကြောင်း ထိုင်းအမျိုးသားပို့ဆောင်ရေး ကောင်စီဥက္ကဋ္ဌက ပြောကြားသည်။

သို့ရာတွင် ၂၀၂၁ ခုနှစ်အတွက် ထိုင်းနိုင်ငံ၌ ကပ်ရောဂါကူးစက်မှုနှင့်ကာကွယ်ဆေးဖြန့်ဖြူးမှု နှေးကွေးခြင်းတို့အပါအဝင် အခက်အခဲအနှောင့်အယှက်များ ရှိနေဆဲဖြစ်ပြီး နိုင်ငံအတွင်း ကပ်ရောဂါကူးစက်ခံရသူဦးရေ ကျဆင်းသွားသော်လည်း ပြည်နယ်များ၌ ကူးစက်မှုများစတင်၍ တိုးလာကြောင်းနှင့် ကာကွယ်ဆေးဖြန့်ဖြူးမှုအနေဖြင့် ကျယ်ပြန့်စွာမဆောင်ရွက်နိုင်သေးကြောင်း၊ အထူးသဖြင့် စက်ရုံဇရိယာများ၌ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**လွင်မျိုးဇော်**

# ဈေးမြင့်ချိန်မှန်း၍ သကြားတင်ပို့မှုစာချုပ်များ အိန္ဒိယကုန်သည်များ ဆိုင်းငံ့ထား

ကမ္ဘာ့သကြားထုတ်လုပ်တင်ပို့မှု ထိပ်တန်းနိုင်ငံ ဘရာဇီးတွင် ရာသီဥတု ဆိုးရွားမှုကြောင့် ကြံစိုက်ခင်းများ ထိခိုက်ပျက်စီးကာ ဈေးနှုန်းများ မြင့်တက်လာနိုင်ဖွယ်ရှိ၍ အိန္ဒိယနိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များသည် သကြားတင်ပို့မှုစာချုပ်များချုပ်ဆိုခြင်းကို ဆိုင်းငံ့ထားကြကြောင်း သိရသည်။

နယူးယောက် သကြားကုန်ကြမ်းဈေးကွက်၌ တစ်ပေါင်လျှင် ၂၀ ဒသမ ၅ ဆင့်ခန့်အထိ ဈေးနှုန်းမြင့်တက်လာဖွယ်ရှိ၍ အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် မဟာရဋ္ဌပြည်နယ် အနောက်ပိုင်းရှိ သကြားစက်လုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှုဖြစ်ပေါ်လျက်ရှိသည်။

မကြာသေးမီက ဈေးနှုန်းများ မြင့်တက်ခဲ့၍ အိန္ဒိယရှိကုန်သည်များသည် ရှေ့နှစ်တွင် ထွက်ရှိလာမည့် သကြားထုတ်လုပ်မှုမှ တန်ချိန် ၁ ဒသမ ၂ သန်းခန့်ကို ပြည်ပသို့ တင်ပို့ရန် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုထားပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်တက်မှုက ဘရာဇီးလုပ်ငန်းရှင်များအား ကြံမှအီသနော လောင်စာဆီထုတ်လုပ်ရန် ပိုမိုတွန်းအားဖြစ်စေပြီး နိုင်ငံတကာ ဈေးကွက်တွင် သကြားဈေးနှုန်းများ မြင့်တက်ဖွယ်ရှိနေရာ ယခုအခါ အိန္ဒိယလုပ်ငန်းရှင်များသည် သကြားတင်ပို့မှု စာချုပ်အသစ်များ ထပ်မံချုပ်ဆိုမှုမပြုဘဲ ဈေးနှုန်းမြင့်လာမည့် အခွင့်အလမ်းကို မျှော်လင့်လျက်ရှိကြသည်။

ကမ္ဘာ့သကြား ဈေးနှုန်းသည် တစ်ပေါင်လျှင် ၂၁ ဒသမ ၅ ဆင့်အထိရရှိပါက ကြံအဓိကစိုက်ပျိုးသည့် ဥတ္တရပရာဒေ့ရှ် ပြည်နယ်အပါအဝင် အိန္ဒိယမြောက်ပိုင်းဒေသရှိ သကြားစက်လုပ်ငန်းရှင်များ အနေဖြင့် အဆင်သင့်တင်ပို့ကြမည် ဆို၏။

အိန္ဒိယနိုင်ငံ၌ လာမည့် အောက်တိုဘာလတွင် အရန်သကြား တန်ချိန် ကိုးသန်းခန့် ရှိလာနိုင်ပြီး ကုန်သည်များ၏ ရောင်းလိုအား နှေးကွေးနေမှုက နိုင်ငံတကာ ဈေးကွက်၌ သကြား ဈေးနှုန်းမြင့်မားပိုမို တွန်းအားသက်ရောက်ဖွယ်ရှိသည်။

ဘရာဇီးနိုင်ငံရှိ ကြံစိုက်ခင်းများ၌ မိုးခေါင်ခြောက်သွေ့မှုနှင့် နှင်းခါးရိုက်မှုတို့ကို ကြုံတွေ့ရပြီးနောက် နယူးယောက် ဈေးကွက်တွင် လေးနှစ်တာအတွင်း အမြင့်မားဆုံးအဖြစ် ၂၂-၉-၂၀၂၁ နေ့ရှိ သကြား တစ်ပေါင်ဈေးနှုန်းမှာ ၂၀ ဒသမ ၀၄ ဆင့်သို့ ရောက်ရှိခဲ့သည်။

အိန္ဒိယပြည်တွင်းဈေးကွက်၌ မကြာသေးမီက ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် သကြားတင်ပို့မှု စာချုပ်အသစ်များ ချုပ်ဆိုမှုမှာ နှောင့်နှေးနေကြောင်း၊ အကယ်၍ ဈေးနှုန်းများ ဆက်လက်မြင့်တက်မည်ဆိုပါက သကြားစက်လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းဈေးကွက်သို့ ဦးစားပေး ရောင်းချစေရန် အစိုးရက ဝင်ရောက်ကြပ်မတ်ဖွယ်ရှိသဖြင့် ရှေ့လာမည့် တင်ပို့မှုရာသီအသစ် အောက်တိုဘာ လကုန်ပိုင်းခန့်ကျမှသာ သဘော်တင်ပို့မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြေရှိကြောင်းသိရသည်။

ကမ္ဘာ့သကြားထုတ်လုပ်မှုတွင် ဒုတိယနေရာ၌ရှိသော အိန္ဒိယနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အစိုးရ၏ ကူညီထောက်ပံ့မှု အစီအစဉ်များကို ရယူကာ ယခုနှစ် သကြားတင်ပို့ ရာသီတွင် ပြည်ပသို့ တန်ချိန် ခုနစ်သန်းအထိ တင်ပို့ဖွယ်ရှိကြောင်း သိရသည်။

**နေအေးလွင်**

### မြေထဲရှိ အတောင့်နှင့်ဥများ

သီးနှံစိုက်ပျိုးထုတ်လုပ်ရာမှာ လေလွင့်ဆုံးရှုံးရမှု အများဆုံးသည် ရိတ်သိမ်းချိန်ကာလနှင့် ရိတ်သိမ်းချိန်လွန်ကာလတို့ဖြစ်သည်။ ဆီထွက်သီးနှံများထဲမှ မြေပဲတောင့်များ မြေကြီးထဲတွင် ရင့်မှည့်ချိန်၌ ပိုးလကျိုင်းနှင့်ခြ၊ ကြွက် ဖျက်ဆီးမှုရှိသည်။ အချိန်မီမနုတ်သိမ်းနိုင်လျှင် မြေပဲတောင့်များ အညှာကျွတ်ထွက်ပြီး နုတ်ချိန်၌ မြေကြီးထဲကျန်ခဲ့သည်။ နုတ်ဖော်ချိန် မြေအစိုဓာတ်များများရှိနေလျှင် မြေထဲမှ မြေပဲတောင့်များက အညှောင့်ထွက်အပင်ပေါက်ပြီး ဆုံးရှုံးရသည်။

တစ်ခါ မြေမစိုဘဲ မြေကြီးခြောက်သွေ့လွန်း၍ မာကျစ်နေလျှင် နုတ်ရခက်ခဲပြီး မြေထဲမြေပဲတောင့်များ ကျန်ရစ်ခဲ့ပြန်သည်။ မြေပဲကဲ့သို့ မြေကြီးထဲတွင် အတောင့်တို့၊ ဥတို့ရှိနေပြီး မျက်စိဖြင့်မမြင်ရသောသီးနှံများကို ရင့်မှည်ချိန် အမီ တူးဖော်နုတ်ယူဖို့ အဓိကပြုလုပ်ကြရပါမည်။ မိမိနေရောင်အောက်တိုက်ရိုက် နေလှန်းမှုမပြုရဘဲ အရိပ်အသင့်အတင့်ရှိသောနေရာတွင် ခပ်ပါးပါးဖြန့်၍ အခြောက်ခံရသည်။

မြေပဲတောင့် ဘယ်အချိန်ရင့်မှည့်သနည်းဆိုသည်ကို ခန့်မှန်း၍သာရသည်။ တိတိကျကျပုံသေသတ်မှတ်၍လည်း မရနိုင်ပါ။ မြေပဲပင်၏သဘာဝမှာ ပန်းများဆက်တိုက်ပွင့်သောအပင်မျိုးဖြစ်ကြသဖြင့် ပင်ထောင်စချိန် မြေပဲသည် သက်တမ်းရက် ၆၀ အထိ ပန်းပွင့်ဆဲ အတောင့်များ ကြီးထွားဆဲရှိတတ်သကဲ့သို့ ပင်ပြန့်မျိုးများတွင် သက်တမ်းရက် ၉၀ အထိ ဤအတိုင်းဖြစ်ပေါ်နေသည်။ ထို့ကြောင့် မြေပဲတောင့်များ ရင့်မှည့်မှုကို ၁၀၀ ရာခိုင်နှုန်း ရာနှုန်းပြည့် မသတ်မှတ်ဘဲ ၇၅ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်း မြေပဲတောင့်များ ရင့်လျှင် နုတ်သိမ်းကြရတော့သည်။

အချိန်စောနုတ်သိမ်းလျှင် ကြီးထွားဆဲ မရင့်သေးသော အတောင့်များ ကျန်နေ၍လေလွင့်မည်။ နောက်ကျ နုတ်ဖော်တော့ ရက် ၁၂၀ အထိ ရှိသွားနိုင်သေးသည်။

ခန့်မှန်းသတ်မှတ်ကြသည်မှာ မိုးပင်ထောင်မြေပဲ နုတ်ချိန်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ ဆောင်းပင်ထောင် မြေပဲနုတ်ချိန်၊ ဖေဖော်ဝါရီ၊ မတ်လ မိုးပင်ပြန့်၊ မြေပဲနုတ် ဖော်ချိန်၊ နိုဝင်ဘာ၊ ဒီဇင်ဘာလဟုလည်း သတ်မှတ်ကြသေးသည်။

တစ်ချိန်က ပင်ပြန့်မြေပဲများ စိုက်ပျိုးခဲ့ရာမှ နုတ်ဖော်ရာတွင် မြေထဲအတောင့်မကျန်ရန် ဂရုစိုက်ရမှုများပြီး ခက်ခဲခဲ့ရသည်။ ထို့ကြောင့် ပင်ထောင်မြေပဲမျိုးများ ရှာဖွေစမ်းသပ်စိုက်ပျိုးခဲ့ရာမှ မျိုးငါးမျိုးတွင် နှစ်မျိုးသည် ကောင်းမွန်သဖြင့် စပိန်မျိုးနှင့်ဂျပန်မျိုးတို့ကို စိုက်ပျိုးလာခဲ့ကြသည်။ ထိုအခါ စိုက်ပျိုးနေကျ သက်ကြီးပင်ပြန့်မြေပဲမျိုးကဲ့သို့ အထွက်ကောင်းသဖြင့် ကြိုက်ကြသည်။ ပို၍ ကြိုက်လာကြသည်မှာ လက်ဖြင့် ဆွဲယူနုတ်ဖော်၍ သိမ်းနိုင်သဖြင့် ကုန်ကျစရိတ် သိသိသာသာ ကျဆင်းသွားသည်။ ထက်ဝက်ခန့် စရိတ်နည်း



# ရိတ်သိမ်းနုတ်ဖော်ချိန်မှန် သီးနှံလေလွင့်ဆုံးရှုံး

ဆွေရည်

စိုက်ပျိုးသောမြေပဲမျိုး၏ သက်တမ်းရက်ကာလကို သိရမည်။ မြေချစိုက်ပျိုးသည်မှစ၍ စိုက်ရက် မှတ်သားထားရမည်။ မြေကြီးထဲမှ မြေပဲတောင့် အချို့ တူးဖော် ကြည့်ရသကဲ့သို့ မြေကြီးပေါ်ရှိ အပင်၏ ပင်စည်ညိုးလာမှု၊ အရွက်များ စိမ်းရာမှဝါလာမှု၊ ကြွေကျစပြုလာမှုဖြင့်လည်း သိနိုင်သည်။ အကောင်းဆုံးသော နည်းလမ်းတစ်သွယ်မှာ မြေပဲစိုက်ခင်းထဲမှ ရင့်မှည့်ပြီ ထင်ရသော အပင်တစ်ပင်၊ နှစ်ပင်နုတ်ကြည့်ပြီး မြေပဲတောင့်ထဲမှ အခွံအတွင်းသားခွဲကြည့်လျှင် အခွံအတွင်းသား အညိုရောင်၊ အမည်းရောင်သမ်းလာလျှင် နုတ်ဖော်ရန် အကောင်းဆုံး ဖြစ်သည်။ တောင်သူများက **"ဒေါင်းမြီးကွက်"** ပေါ်သည်ဟု ခေါ်ကြသည်။ အချို့က **"မိုးသားကွက်"**ဟု မိုးတိမ်ထဲတွင် မိုးသားအမည်းကွက်များ ပေါ်သကဲ့သို့တူကြ၍ ခေါ်ကြပါသည်။ ဒုတိယနည်းလမ်းမှာ နုတ်သိမ်းရက်ကို ကြိုတင်သိရှိမှတ်သားထားရန် ဖြစ်သည်။

မျိုးအဖြစ်ထားရန်ဖြစ်လျှင် မြေပဲတောင့်အတွင်းခံ အရောင်အညိုကွက်ဖြစ်သည်အထိမထားဘဲ ၁၅ ရက်ခန့် စော၍ နုတ်ဖော်သင့်သည်ဟု သုတေသနမှဖော်ပြသည်။ ရောင်းချရန်၊ ဆီကြိတ်ရန်၊ စားသုံးရန်အတွက်မှာ အခွံအတွင်းသား အညိုရောင်သမ်းသည်အထိ ထားရှိရသည်။ မျိုးမြေပဲမှာ ပြန်လည်စိုက်ပျိုးရန်ဖြစ်သည့်အတွက် အတွင်းခံအသားအညိုကွက်မတိုင်မီဖော်မှ မြေပဲဆန်ထုတ်ယူရာတွင် အဆန်ပေါ်၍ အခွံမကွာနိုင်။ အဆန်ကွဲအက်မှုမရှိနိုင်။ ထို့ကြောင့် အခွံအတွင်းသား ဝါဂွမ်းသားကဲ့သို့ အရောင်ဖြူဖွေးချိန်နုတ်ဖော်ရသည်။ တောင်သူကြီးများက အတောင့်အတွင်းသား **"ဂွမ်းကပ်ချိန်"**ဟု ခေါ်ကြပါသည်။ မျိုးမြေပဲအဖြစ်သုံးလိုလျှင် ရေသွင်းပြီး နုတ်သိမ်းမှုနှင့် နေလှန်းရာတွင်လျှင် စောစော

ရင့်နေသောအတောင့်များ အညှာပြုတ်၍ မြေထဲကျန်ခဲ့၍ လေလွင့်မည်။ ပင်ပြန့်မျိုးများက ပင်ထောင်မြေပဲမျိုးများထက် အတောင့်ပြုတ်မြေကျန်မှုကို ပိုဖြစ်တတ်သည်။ ပင်ထောင်မြေပဲသိမ်းချိန်မှာ ဂရုပြုရမည်မှာ မြေထဲရှိ မြေပဲတောင့်များမှာ အညှောက်ပေါက်တတ်သည်ကို စိုးရိမ်ကြပြီး စောစောနုတ်သိမ်းကြတတ်သည်။ ထိုအခါမရင့်သေးသော မြေပဲတောင့်များသည် မြေပဲတောင့်အခွံပေါ်ရှိ အမျှင်ကြောပေါ်မလာသေးသဖြင့် ကောင်းစွာမရင့်သေးပေ။ ဤသို့သော မြေပဲတောင့်များ နေလှန်းအခြောက်ခံလိုက်ပါက အတောင့်သည် တွန့်လိမ်ကောက်ကွေးသွားသည်။ မြေပဲတောင့်အပြင်ကြောများ ထင်ထင်ရှားရှားပေါ်လာပြီး မြေပဲခွံအတွင်းသားအညိုကွက် အညိုရောင်ပေါ်မှသာ ရင့်ပြီဟု သတ်မှတ်ကြသည်။

အညာနှင့်မြေလတ်ဒေသများတွင် မိုးလယ်ကာလ သုံးလမြေပဲစိုက်ကြသည်။ သက်တမ်းသုံးလရှိသည်။ နုတ်သိမ်းချိန်တွင် နုတ်ပြီး မြေပဲပင်ကို ပြောင်းပြန်ထောင်ပြီး မီးတန်းနှင့်ချိတ်ဆွဲနေလှန်းသည်။ အကယ်၍ ဤအချိန်ကာလ မိုးများရွာခဲ့သော် မိုးမိအတောင့်မှ အညှောက်ပေါက်မှာ မစိုးရိမ်ရတော့။

မြေပဲပင်များသည် ရင့်မှည့်ချိန်သက်တမ်းပြည့်ကာနီးလျှင် ဆယ်ရက်၊ ဆယ့်ငါးရက်ကြိုတင်၍ အရွက်စိမ်းတတ်သည်။ ရာသီဥတု၊ မြေအမျိုးအစားကိုလည်း မူတည်ပြီး သက်တမ်းရက်ရှေ့တိုးနောက်ဆုတ်ရှိနိုင်သည်။ ပင်ထောင်မြေပဲမျိုးအများစုသည် သဲဆန်မြေများတွင် မိုးရာသီ စိုက်ပျိုးသော မိုးမြေပဲဆိုပါက ရက် ၉၀၊ ရက် ၁၀၀ ဝန်းကျင်ရှိတတ်သည်။ သို့သော် မိုးနှောင်းရာသီ ဆောင်းမြေပဲဖြစ်လျှင် သွားသည်။

သို့သော် မြေမာ၊ မြေကျစ်တွင် ပင်ထောင်မျိုး အထွက်ကောင်း၊ အသက် လျင်ပြီး ပင်ပြန့်မျိုးသည် မြေပျော့၊ မြေမွ၊ သဲဆန်မြေတွင် ပို၍ ကောင်းသည်ကို တွေ့ရှိခဲ့ကြဖူးပါသည်။

မြေပဲကဲ့သို့ပင် မြေကြီးထဲ၌ရှိသောအာလူးဆိုလျှင် မတ်၊ ဧပြီလများတွင် စိုက်ပျိုးကြလေ့ရှိသော **မိုးအာလူး**ကို ဩဂုတ်၊ စက်တင်ဘာလအတွင်း တူးဖော်ကြသည်။ **ရေအာလူးမှာ** ရေသွင်း၍ ဆောင်းမှာစိုက်ကြလေ့ရှိသည်။ ရေသွင်းစိုက်၍ ရေအာလူးဟုခေါ်ကြသည်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီတွင် စိုက်ပျိုးကြပြီး ဧပြီ၊ မေလများတွင် ဖော်ကြသည်။ အောက်တိုဘာ၊ နိုဝင်ဘာတွင် စိုက်ပျိုးကြသည့် **ဆောင်းအာလူး**ကို ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွင် တူးဖော်ကြသည်။ မြစ်များ၊ ချောင်းများရေကျချိန်၊ နုန်းတင်မြေနု၊ သဲနုန်းမြေများတွင် **ကိုင်းအာလူး**ကို အောက်တိုဘာ၊ နိုဝင်ဘာတွင် စိုက်ကြလေ့ရှိသည်။ အာလူးသည် စိုက်ပျိုးပြီးချိန်မှ သုံးလခွဲနှင့်လေးလအတွင်း အပင်မှအရွက်များ ဝါခြောက်လာချိန်ဖော်ကြသည်။ ထယ်ထိုးမြေလှန်၊ တချို့က ပေါက်ပြားဖြင့် တူးဖော်ပြီး လက်ဖြင့်ကောက်ယူကြသည်။ စော၍တူးဖော်လျှင် သယ်ယူကိုင်တွယ်ပို့ဆောင်ရာ၌ ပုပ်တတ်သည်။ ရင့်လွန်းမှဖော်လျှင် အထွက်ကောင်းပြီး ထားသိုမှု ကြာရှည်ခံသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် စပါးရိတ်သိမ်းချိန် အသံချဲ့စက်များဖွင့်၍ တစ်စုတစ်ဝေး ရိတ်သိမ်းကြမှု တချို့ဒေသတွင် ပြုလုပ်ကြသကဲ့သို့ အိန္ဒိယနိုင်ငံ၏ အာလူးစိုက်ခင်းများ တူးဖော်ချိန်တွင် လူများစုဝေး၍ တပျော်တပါးတူးဖော်ကြသည်ကို မြင်တွေ့ခဲ့ရဖူးပါသည်။

စာ – ၁၈ သို့

## စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေး ပိုးသတ်ဆေးဓာတ်ကင်း စစ်ဆေးပေး

# ပိတ်ပင်ထားသော ပိုးသတ်ဆေးများသုံးစွဲလျှင် အရေးယူ ဆောင်ရွက်မည်



**အစား** **အစာများဘေးကင်းရေးအတွက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးမှုများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သီးနှံကာကွယ်ရေးဌာနခွဲက စနစ်တကျ ဆောင်ရွက်လျက် ရှိသည်။**

ယင်းစစ်ဆေးမှုများကို ရန်ကုန်တိုင်းဒေသကြီးရှိ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက်ကားဈေးကြီးများဖြစ်သော လှိုင်မြို့နယ် သီရိမင်္ဂလာကုန်စိမ်းဈေးကြီးနှင့် တည်းကုန်းကုန်စိမ်းလက်ကားဈေးကြီးတို့တွင် စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

ယင်းကုန်စိမ်းလက်ကားဈေးကြီးနှစ်ခုမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏ နမူနာများကို ကြို့ကုန်းရှိ သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းတွင် စစ်ဆေးကာ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုများပြားပါက ယင်းကုန်ပစ္စည်းဝင်လာတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များက သက်ဆိုင်ရာဌာနများမှတစ်ဆင့်စိုက်ပျိုးသူတောင်သူများကို ကွင်းဆင်းပညာပေး လုပ်ငန်းတွေ ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ပသို့တင်ပို့မည့် လယ်ယာထွက်ကုန်ပစ္စည်းများကို တင်သွင်းမည့်နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေး၍ ထောက်ခံချက်ထုတ်ပေးခြင်းနှင့် ပြည်တွင်းသို့ တင်သွင်းမည့် လယ်ယာထွက်ကုန်ပစ္စည်းများကိုလည်း ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးထောက်ခံချက်ထုတ်ပေးခြင်းလုပ်ငန်းများကို အဓိက ဆောင်ရွက်လျက် ရှိသည်။

ထို့ပြင် ပြည်နယ်တိုင်းဒေသကြီးအသီးသီးမှ လယ်ယာသီးနှံနမူနာများကို ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးခြင်း၊ ပြည်တွင်းစားသုံးဆီသီးနှံနမူနာများ စစ်ဆေးခြင်း၊ ဈေးကွက်တွင်းရှိ စားသုံးသီးနှံနမူနာများရယူစစ်ဆေးခြင်းနှင့် GAP လက်မှတ်ထုတ်ပေးရန်အတွက် သီးနှံနမူနာများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးထောက်ခံပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည်။

"အရင်တုန်းကတော့ ပြည်ပပို့ကုန်သီးနှံတွေနဲ့ GAP လက်မှတ်လျှောက်ထားတဲ့သီးနှံတွေလောက်ပဲလာစစ်ဆေးပါတယ်။ အခုလိုလက်ကားဈေးကြီးတွေမှာ နမူနာယူပြီး စစ်ဆေးတာမရှိခဲ့ပါဘူး။ ဒီနှစ်ထဲမှာ ပြည်ပပို့ကုန်စစ်ဆေးတာ နည်းသွားတယ်။ ဒါကြောင့် ပြည်သူတွေ နေ့စဉ်စားသုံးနေတဲ့ အသီးအနှံတွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းပြီး သန့်ရှင်းလတ်ဆတ်တဲ့ အသီးအနှံတွေ စားသုံးနိုင်အောင် အခုလို စစ်ဆေးဆောင်ရွက်ပေးတာ ဖြစ်ပါတယ်" ဟု သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ရှင်းပြသည်။

တောင်သူများအနေဖြင့် ပိုးသတ်ဆေးများကို မဖြစ်မနေ သုံးစွဲနေကြရသေးသည်။ ထိုသို့သုံးစွဲရာတွင် ခွင့်ပြုထားသော ပိုးသတ်ဆေးများကို သတ်မှတ်နှုန်းထားနှင့် စည်းကမ်းချက်များအတိုင်း လိုက်နာသုံးစွဲရန် လိုအပ်လျက်ရှိသည်။

လက်ရှိ ကိုဗစ် ကာလတွင် အသီးအနှံနှင့် ဟင်းသီးဟင်းရွက် စားသုံး မှုက ပိုများလာသည်။ ထို့ကြောင့် စားသုံးသူအန္တရာယ်ကင်းစေရန် လက်ကားဈေးကြီးများမှ ဓာတ်ကြွင်းစစ်ဆေးပေးခြင်း ဖြစ်သည်။

**ဓာတ်ခွဲစစ်ဆေးချက်များအရ ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှု အနည်းအများအပေါ် မူတည်ကာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ရောင်းချခွင့်တားမြစ်ခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်ဆို၏။**

**သီးနှံကာကွယ် ရေးဌာန က ပိတ်ပင်ထားသော ပိုးသတ်ဆေးများ သုံးစွဲထားသည်ကို စစ်ဆေးတွေ့ရှိပါက အရေးယူမှုကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

ထို့ကြောင့် တောင်သူကြီးများအနေဖြင့် သက်ဆိုင်ရာဌာန က ခွင့်ပြုထားသော ဆေးဝါးထောက်ခံချက် ရှိမရှိနှင့် ဆေးဝါးသုံးစွဲမှု လမ်းညွှန်ချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာမြို့နယ်၊ တိုင်းဒေသကြီးများရှိ စိုက်ပျိုးရေး ဦးစီးဌာနများသို့ ဆက်သွယ်အကူအညီ ရယူနိုင်ကြောင်း သိရသည်။

**ဇော်လင်းထွဋ်**

---

**စာ – ၁၇ ရိတ်သိမ်းနုတ်ဖော်ချိန် မှ**

မြေထဲတွင်ရင့်သည်ကိုမသိရသော ကြက်သွန်နီကို ဥအတွက်ဖော်ရန် အပင်၏အရွက်များ ၁၅ မှ ၂၅ ရာခိုင်နှုန်း ဝါခြောက်လာလျှင် လက်ဖြင့်ဆွဲနုတ်သိမ်းကြသည်။ လုံးဝခြောက်မှသိမ်းလျှင် မြေထဲရှိကြက်သွန်ဥသည် အမြစ်ထွက်လာ၍ လက်ဖြင့်ဆွဲနုတ်ရခက်ခဲလာသည်။ ထို့နောက်နောက်ကျသိမ်းလျှင် လေလွင့်ပျက်စီးမှုများသည်။ ကြက်သွန်မြိတ်အတွက် ဖော်လိုလျှင် ကြက်သွန်ဥငယ်သည် ခဲတန်လုံးခန့်အရွယ် ဥဖြစ်ချိန် နုတ်ကြသည်။

ကြက်သွန်ဖြူလည်း အရွက်ညိုးခြောက်ချိန် နုတ်ကြသည်။ မြေထဲမှဥရင့်ပြီ၊ မိုးရွာချိန်ဖြစ်စေ၊ နုတ်ဖော်ချိန်မိုးမိလျှင်ဖြစ်စေ ဥအမွှာကွဲတတ်ပြီး ကြာကြာအထားမခံသဖြင့် မိုးမရွာသည့်ရက်မှာ ဥနုတ်ဖော်ကြလေ့ရှိသည်။

ချင်းတက်၊ ဝဥ (ဖျံဥ)တို့လည်း မြေပေါ်ပင်ပိုင်း ညှိုးခြောက်ချိန်ဖော်ကြလေ့ရှိသည်။ ပီလောပီနံသည် စိုက်ပျိုးပြီး ရှစ်လမှစ၍ ဈေးကွက်အပေါ်မူတည်ပြီး ဥဖော်ကြသည်။ ပြန်လည်စိုက်ပျိုးရန် မျိုးကိုင်းယူမည်ဆိုပါက စိုက်ပြီး ၁၀ လနောက်ပိုင်းမှ ဖော်ကြသည်။

ပိန်းဥ၊ ကန်စွန်းဥလည်း စိုက်ပျိုးပြီး ငါးလ၊ ၁၀ လအတွင်း သက်တမ်းရက်ချိန်ဆဖော်ကြရသည်။ အားသာချက်ကောင်းသောသီးနှံမှာ မြေထဲရှိအမြစ်ကို အဓိကစားသုံးရသည့် ဂျုံးမြစ်ကို မြေပေါ်အရွက်များ ညိုးခြောက်ဝါချိန်နုတ်ယူကြသော်လည်း ဈေးမကောင်းလျှင် အချိန်ခွဲ၍ အလီလီနုတ်နိုင်သကဲ့သို့ မနိုင်ချင်သေးလျှင် မြေကြီးထဲသုံးလ၊ လေးလခန့်ထားနိုင်သဖြင့် မြေထဲရှိသော စားသုံးပင်များတွင် ဂျုံးမြစ်သည် ဈေးကွက်အားသာချက် များစွာရှိသည်။

ဝဥ၊ ချင်း၊ နနွင်း၊ ငှက်ပျောကဲ့သို့သော မြေအောက်တွင်ရှိပြီး ကြီးထွားသည့် မြေအောက်ထူးကဲပင်စည်တို့သည် နှစ်ရှည်ခံသောအပင်များ ဖြစ်ကြသည်။ အစာများဖြင့်သိုလှောင်ထားပြီး ကြီးထွားပွားများနေသော ဥတက်မြေအောက်ပင်စည်တို့သည် မြေကြီးပေါ်သို့လည်း အခက်အညွှန့် အရွက်များ ပွင့်သီးမှုများ ထွက်လာပြီး ကြီးထွားရှင်သန်မှုကို ဖြစ်စေပြန်သည်။ မြေကြီးပေါ်မှ အကိုင်းအရွက်များ တစ်နှစ်အတွင်း ညှိုးခြောက်သွားကြသော်လည်း မြေအောက်မှအပိုင်းသည် ရှင်သန်နေဆဲဖြစ်သည်။ အစာများသိုလှောင်ထားသဖြင့် မြေပေါ်တွင်အရွက်များ ထပ်မံထွက်လာပြန်သေးသည်။ ဤသို့ဖြင့် သူတို့ရှင်သန်ရေးကို ဆက်လက်ဆောင်ရွက်နေနိုင်ကြသည်။ ထို့ကြောင့် တစ်ကြိမ် စိုက်လျှင် နှစ်ရှည်ရှင်သန်ပြီး လေလွင့်ဆုံးရှုံးမှု နည်းကြသည်။ **ဆွေရည်**

---

**စာ – ၁၃ ခရေပန်းပင် မှ**

သောက်သုံးကြ၏။

– ခရေပန်းပွင့်များကို သီကုံးပြီး မြတ်စွာဘုရားထံ ဆက်ကပ်လှူဒါန်းခြင်း၊ အမျိုးသမီးများ ဆံကေသာတွင် အမြတ်တနိုးပန်ဆင်ခြင်းများ ပြုလုပ်ကြ၏။

– ခရေသီးအစိမ်းကို အချဉ်စိမ်ပြီး စားသုံးနိုင်၏။

– ခရေပင်ကို အဓိကအားဖြင့် သစ်သားအဖြစ်အသုံးပြုရန်အတွက်နှင့် ဥယျာဉ်ခြံထဲတွင် အရိပ်ရအပင်အဖြစ် စိုက်ပျိုးကြ၏။

– ခရေသားကို အိမ်သုံးပရိဘောဂပစ္စည်းများ၊ ရထားလမ်းဇလီဖားတုံးများ၊ လှည်းဘီးများ၊ ယာဉ်များ၏ ကိုယ်ထည်များ၊ တုတ်ကောက်၊ အားကစားသုံးပစ္စည်းများ၊ အရုပ်နှင့် တူရိယာပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုကြ၏။

– တံတားများတည်ဆောက်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သင်္ဘောတည်ဆောက်ခြင်း၊ ကြမ်းခင်းများပြုလုပ်ခြင်း၊ တံခါးများပြုလုပ်ခြင်း၊ စက်ရုံများတည်ဆောက်ခြင်းနှင့် လယ်ယာသုံးကိရိယာများပြုလုပ်ရာတွင် အသုံးပြုကြသကဲ့သို့ အကောင်းစားလောင်စာထင်းအဖြစ်လည်း အသုံးပြုကြ၏။

– အိန္ဒိယတွင် ချယ်ရီအခေါက်မှ ထုတ်ယူရရှိသည့် အစေးကို သစ်စေးအဖြစ်အသုံးပြုကြ၏။ ချယ်ရီအခေါက်မှ အညိုရောင် ဆိုးဆေးထုတ်လုပ်အသုံးပြုကြ၏။

– ခရေပန်းပွင့်မှထုတ်ယူရရှိသည့် ခရေရနံ့မွှေးဆီကို ရေမွှေးအဖြစ် အသုံးပြုကြ၏။

– မွှေးပျံ့သင်းပျံ့သည့် ခရေပန်းခြောက်ကို ခေါင်းအုံးထဲတွင် ထည့်သွင်းပြီး နံ့သာခေါင်းအုံးအဖြစ် အသုံးပြုကြ၏။

**တစ်ပိုင်တစ်နိုင်ပရဆေးဥယျာဉ်ဖန်တီး**

ခရေပန်းပင်ကို ဥယျာဉ်ခြံထဲတွင် အတန်းလိုက်အလုစိုက်ခြင်းဖြင့်လည်းကောင်း၊ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်တွင် စိုက်ပျိုးခြင်းဖြင့် မျက်စိပသာဒဖြစ်စေသည့်အပြင် ခရေပန်း၏ သင်းပျံ့သောမွှေးရနံ့ကြောင့် စိတ်ကြည်နူးအေးချမ်းမှုကို ရစေနိုင်၏။

**သတိပြုရမည့်အချက်**

ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် ခရေပန်းပင်၏ဆေးဖက်ဝင်အသုံးကို လုံလောက်သည့် သုတေသနပြုထားခြင်း မရှိသေးပေ။ ခရေပန်းပင်ကို အခြေခံသည့် ပရဆေးများကို အသုံးပြုမည်ဆိုပါက **တန်ဆေး လွန်ဘေး၊ အစာလည်းဆေး၊ ဆေးလည်းအစာ**ဆိုသည့်စကားအရ သင့်တင့်လျောက်ပတ်သည့် ပမာဏအတိုင်း ချင့်ချိန်သုံးစွဲနိုင်သကဲ့သို့ တတ်ကျွမ်းနားလည်သည့် ပညာရှင်များ၏ ညွှန်ကြားချက်အတိုင်း အသုံးပြုသင့်၏။

**ကြေးမုံ ငယ်**

## ကျောဖုံး – ၄၃ ကြိမ်မြောက်မှ

အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံကိုယ်စားပြု အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအဆင့်မြင့်အရာရှိ (SOM-AMAF Leader) ဖြစ်သူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ကြသည်။

၄၃ ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံဘက်စုံ ထူထောင်ရေးဆိုင်ရာ မူဘောင်၏အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြခြင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် စီးပွားရေးဆိုင်ရာထိခိုက်မှုများအား ပြန်လည်ထူထောင်လာစေရေးနှင့် ကြံ့ကြံ့ခံနိုင်စေရေးအတွက် ဆောင်ရွက်ခဲ့သည့် နည်းလမ်းများနှင့် အတွေ့အကြုံများအား ဖလှယ်ခြင်း၊ အာဆီယံနိုင်ငံများရှိ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒမူဘောင်များ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများအား တင်ပြဆွေးနွေးခြင်း၊ ၂၀၂၁ ခုနှစ်တွင် အဓိကရေးဆွဲပြီးစီးခဲ့သည့်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သစ်တောကဏ္ဍဆိုင်ရာလမ်းညွှန်ချက်နှင့် သတ်မှတ်ချက်များကို ၂၀၂၂ ခုနှစ်တွင် အကောင်အထည်ဖော်မည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်သစ်တောကဏ္ဍဆိုင်ရာ လမ်းညွှန်ချက် ၂၇ ခုတို့ကို ဝန်ကြီးများ၏ အတည်ပြုချက်ရယူခြင်း၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ဩစတြေးလျနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ရုရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် မိတ်ဖက် အဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာလုံးဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေးအဖွဲ့အစည်း၊ အာရှဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား အကောင်အထည်ဖော်နိုင်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ဝန်ကြီးများက အတည်ပြုခဲ့ကြပြီး လမ်းညွှန်ချက်များ ချမှတ်ပေးကြသည်။

ကြံ့ကြံ့ခံနိုင်သည့် အာဆီယံဖြစ်ပေါ်စေရေး လုပ်ငန်းများတွင် ပါဝင်သည့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုခိုင်မာမှုရှိစေရေးစီမံကိန်းကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့နှင့် ဩစတြေးလျနိုင်ငံတို့ကလည်းကောင်း၊ လက်ရှိဆောင်ရွက်နေသော စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ လုပ်ငန်းများကို အာဆီယံ–အမေရိကန် စီးပွားရေးကောင်စီကလည်းကောင်း၊ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အာဆီယံမျှော်မှန်းချက်နှင့် မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၁၆–၂၀၂၅) အရ ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနကလည်းကောင်း အသီးသီးတင်ပြဆွေးနွေးကြပြီး အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၏ ၄၃ ကြိမ်မြောက် အစည်းအဝေးက ထုတ်ပြန်ကြေညာမည့် ပူးတွဲကြေညာချက်ကို အတည်ပြုကြကာ ရှေ့လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက်များချမှတ်ပေးကြသည်။

၂၁ ကြိမ်မြောက် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများအား ပြန်လည်ထူထောင်လာစေရေးနှင့် ကြံ့ကြံ့ခံနိုင်စေရေးအတွက် ဆောင်ရွက်ခဲ့သည့် နည်းလမ်းများနှင့် အတွေ့အကြုံများအား ဖလှယ်ခြင်း၊ အကြိုညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များဖြစ်သည့် အာဆီယံအပေါင်းသုံးနိုင်ငံများတွင် စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (၂၀၁၆–၂၀၂၅) ၏ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံနှင့်အရှေ့အာရှနိုင်ငံများအတွက် စီးပွားရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကိုဗစ်–၁၉ ကပ်ရောဂါကျရောက်ပြီးနောက်ပိုင်းကာလတွင် အာဆီယံနိုင်ငံများရှိ စားသောက်ကုန်များနှင့် စိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်များ တန်ဖိုးမြင့်မားစေရေးအတွက် စားသောက်ကုန်တန်ဖိုးကွင်းဆက်များနှင့် အအေးခန်းကွင်းဆက်များ ဖွံ့ဖြိုးတိုးတက်စေရေးတွင် ဒီဂျစ်တယ်နည်းပညာများအသုံးပြုခြင်းဆိုင်ရာ သုတေသနစီမံကိန်းမှထွက်ပေါ်လာသည့် ရလဒ်များကို တင်ပြဆွေးနွေးမှုများနှင့်ပတ်သက်၍ ဝန်ကြီးများက အတည်ပြုကြပြီး ရှေ့လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက်များ ချမှတ်ပေးကြသည်။

ထို့နောက် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၏ ၂၁ ကြိမ်မြောက် အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် ပူးတွဲကြေညာချက် ကိုအတည်ပြုခဲ့ကြသည်။ ၂၀၂၂ ခုနှစ်တွင် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပမည့် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၏ ၄၄ ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၏ ၂၂ ကြိမ်မြောက် အစည်းအဝေး ကျင်းပမည့်အချိန်နှင့်နေရာတို့ကို ဆွေးနွေးအတည်ပြုကြောင်း သတင်းရရှိသည်။

MOALI

# ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် နေ့စဉ် ၁၅ တန်ထွက်



**စိုက်** ပျိုးရေးဦးစီးဌာန ညောင်နှစ်ပင်ခြံရှိ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ခင်းမှ နေ့စဉ် ဟင်းသီးဟင်းရွက် ၁၅ မျိုး ခန့်ကို တန်ချိန် ၁၂ တန်မှ ၁၅ တန်ထွက်ရှိကြောင်း သိရသည်။

အဆိုပါဟင်းသီးဟင်းရွက်များကို ရန်ကုန်မြို့တော်ရှိ စည်ပင်သာယာဈေး ၄၈ ဈေး၊ ထောက်ကြန့်ရတနာသီရိ ကုန်စိမ်းဈေးသစ်ကြီးနှင့် တည်းကုန်းကုန်စိမ်းလက်ကားဈေးကြီးများသို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး စီးတီးမတ်နှင့် Orange အရောင်းကောင်တာများသို့လည်း တင်ပို့ရောင်းချလျက် ရှိသည်။ (ပုံ)

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က ညောင်နှစ်ပင်ခြံမှာ တောင်သူပညာပေးလုပ်ငန်းတွေနဲ့ နည်းပညာပေးသင်တန်းတွေ ဖွင့်လှစ်ပေးနေပါတယ်။ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ခင်းတွေကိုတော့ စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီခြံက GAP လက်မှတ်ရရှိထားသလို ဓာတုကင်းလွတ်စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်နေပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ညောင်နှစ်ပင်ခြံတာဝန်ခံ ဦးအောင်ဌေးက ပြောကြားသည်။

ညောင်နှစ်ပင် ဓာတုကင်းလွတ်စိုက်ခင်းကို ၂၀၁၄ ခုနှစ်တွင် တောင်သူ ၁၄ ဦးဖြင့် မြေဧက ၁၀ ဧကတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခုအချိန်တွင် တောင်သူပေါင်း ၂၀၀ ဦးဖြင့် ဧက ၁၀၀ ကို ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ခင်းအဖြစ် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခု GAP စနစ် စိုက်ခင်းက အောင်မြင်လာတော့ တောင်သူတွေက အရမ်းစိတ်ဝင်စားလာကြတယ်။ ခြံကိုလာပြီး စိုက်ပျိုးဖို့ မြေနေရာတောင်းကြတယ်။ ကျွန်တော်တို့မှာက ပေးစရာမြေမရှိတော့ဘူး။ ခြံမှာ လက်ရှိစိုက်ပျိုးနေတဲ့ တောင်သူတွေကလည်း တိုးချဲ့ဖို့ မြေနေရာမှာ အခက်အခဲတွေဖြစ်နေတယ်။ အခုအချိန်မှာ တောင်သူတွေအနေနဲ့ GAP စနစ်နဲ့ ဓာတုကင်းလွတ်စိုက်ခင်းတွေကို စိုက်ပျိုးလုပ်ကိုင်ဖို့ စိတ်ဝင်စားလာချိန်မှာ မြေနေရာအလုံအလောက်သာပေးနိုင်ရင် ဈေးကွက်အတွင်းမှာ ဓာတုကင်းလွတ်အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်တွေ ဒီထက်ပေါပေါများများ ဝယ်ယူစားသုံးနိုင်ကြမှာပါ။ စားသုံးသူတွေအနေနဲ့လည်း ဓာတုဓာတ်ကြွင်းကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်နဲ့လည်း ကင်းရှင်းသွားမှာပါ"ဟု ၎င်းက ဆက်ရှင်းပြသည်။

ယခင်ကဆိုလျှင် ညောင်နှစ်ပင်ခြံ ဓာတုကင်းလွတ်စိုက်ခင်းမှ နေ့စဉ်ဟင်းသီးဟင်းရွက်အချို့ကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အရင်က စင်ကာပူနိုင်ငံအထိ ခြံကထွက်တဲ့ ဟင်းသီးဟင်းရွက်တွေ တင်ပို့ဖူးတယ်။ ကိုဗစ်–၁၉ ရောဂါကြောင့် ပြည်ပတင်ပို့မှုကို ရပ်နားထားပါတယ်။ ပြည်တွင်းဈေးကွက်မှာတော့ ကျွန်မတို့ခြံကထွက်တဲ့ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်တွေက ဈေးကောင်းရတယ်။ လူကြိုက်များတယ်။ အဲဒါကြောင့် ခြံစိုက်ပျိုးတဲ့ တောင်သူတွေကိုယ်တိုင် ဈေးတွေမှာ သွားရောင်းချတာများတယ်၊ ဓာတုဆေးဝါးမပါတဲ့အတွက် ဟင်းသီးဟင်းရွက်တွေ က အထားပိုခံပါတယ်"ဟု ညောင်နှစ်ပင်ဥယျာဉ်ခြံမှ ခြံဦးစီးမှူး ဒေါ်ရွှေစင်အေးက ပြောသည်။

ညောင်နှစ်ပင်ဥယျာဉ်ခြံတွင် သိပ္ပံနည်းကျ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နည်းပညာသင်တန်းများ ပို့ချပေးကာ ရေမြေဒေသနှင့် ကိုက်ညီသည့် ဟင်းသီးဟင်းရွက်မျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ သုတေသနလုပ်ငန်းများ၊ အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်သည့် ဟင်းသီးဟင်းရွက်မျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးပေးရေးတို့အပြင် GAP စနစ်၊ ဓာတုကင်းလွတ်စနစ်နှင့် အော်ဂဲနစ်နည်းစနစ်များကို ပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ညောင်နှစ်ပင် စိုက်ပျိုးရေး မွေးမြူရေးဇုန်ကို ၂၀၀၀ ပြည့်နှစ်မေတွင် ရန်ကုန်မြို့မှ မိုင် ၃၀ ခန့်အကွာ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးတွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။

ဇော်လင်းထွန်း

# ၄၃ ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၊ ၂၁ ကြိမ်မြောက် အာဆီယံအပေါင်း သုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်





**နေပြည်တော် အောက်တိုဘာ ၂၇**

ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် လယ်ယာကဏ္ဍဆိုင်ရာသွင်းအားစုများ ထုတ်လုပ်မှုများနှင့် လုပ်သားများ အပေါ် ထိခိုက်မှုရှိခဲ့သော်လည်း တောင်သူများနှင့် ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက်တွင် ပါဝင်သည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းရှင်များ၏ ကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုများ ကျေနပ်ဖွယ်ရာတိုးတက်မှုရှိခဲ့ကြောင်း၊ ဥပမာအားဖြင့် ပြောင်းသီးနှံတင်ပို့မှုတွင် ၂၀၂၀ ခုနှစ်တင်ပို့နိုင်မှုသည် ၂၀၁၉ ခုနှစ် တင်ပို့မှုထက် ၇၀ ရာခိုင်နှုန်း တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း၊ အဆိုပါတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်ဖြစ်ပါကြောင်း။

ကိုဗစ် ၁၉ ကပ်ရောဂါကာလအတွင်း သွင်းအားစု ဓာတ်မြေဩဇာဈေးနှုန်းနှင့် ကိုင်တွယ်စရိတ်၊ ကုန်သွယ်မှုစရိတ် ကြီးမြင့်လာခြင်းသည် စိုက်ပျိုးထုတ်လုပ်သူများအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ကုန်သွယ်မှုလမ်းကြောင်းများ ချောမွေ့ ပွင့်လင်းစေရေးအတွက် အာဆီယံနိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ချမှတ်ထားသည့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် တက်တက်ကြွကြွ ပါဝင်သွားမည်ဖြစ်ကြောင်း ယနေ့ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည့် ၄၃ ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ၂၁ ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးများတွင် မြန်မာနိုင်ငံ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီး (AMAF Leader) ဖြစ်သူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က ဆွေးနွေးပြောကြားသည်။ (ပုံ)

၄၃ ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ၂၁ ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးများအတွက် အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို ယမန်နေ့နှင့် ယနေ့တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် အင်ဒိုနီးရှားနိုင်ငံက တာဝန်ယူဆောင်ရွက်ပြီး

စာ - ၁၉ သို့

# တနင်္သာရီ ကမ်းနီးကမ်းဝေး ရေလုပ်ငန်းစီးပွားရေး

ရန်ကင်း (ငါးဦးစီး)



**မြန်မာ့** ပင်လယ်ပြင်နှင့် ထိစပ်နေသော ကမ်းရိုးတန်းဒေသ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင် တနင်္သာရီတိုင်းဒေသကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကမ်းရိုးတန်းအရှည် ၁၂၀၀ ကီလိုမီတာရှည်လျားပြီး မြန်မာ့ပင်လယ်ပြင်တွင် ကမ်းနီးနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်း နှစ်မျိုးစလုံး ဆောင်ရွက်နေကြသည်။ (ပုံ)

ကမ်းနီးငါးဖမ်းလုပ်ငန်းတွင် တစ်နိုင်တစ်ပိုင်နှင့် စားဝတ်နေရေးအရသာ ရှာဖွေလုပ်ကိုင်မှုများ များပြားကာ ရာသီပိတ်ကာလ သတ်မှတ်ချက်မရှိဘဲ တစ်နှစ်လုံး ဖမ်းဆီးရှာဖွေ လုပ်ကိုင်ကြသည်။ စက်တပ်၊ စက်မဲ့ ငါးဖမ်း

စာ - ၁၀ သို့